ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်၊ စနေနေ့၊ (25-7-2015) (၈၂၇၂)

## အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူ့နတ်အချစ်ဆုံး၊
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားကျေးလက်ကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆွေးနွေး

စာမျက်နှာ - ၃

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးပိုနေမည်။

# ရထား... ရထား... ဆက်သွားနေမည်

စံကားဝါ၊ ဇင်ဦး
ဓာတ်ပုံ
ရထားပို့ဆောင်ရေး

ဇူလိုင်လ ဒုတိယပတ်ကစပြီး မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာ နှစ်ပေါင်း ၂၄ နှစ်အတွင်း မိုးရေချိန် စံချိန်သစ်ရွာသွန်းခဲ့လို့ ရထားလမ်းနဲ့ ကားလမ်း ရေကျော်တာ၊ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ပိတ်ဆို့ခဲ့တာ၊ မြို့၊ ရွာများအနှံ့ ရေကြီးရေလျှံပြီး အိမ်ခြေအများစု ရေဝင်နစ်မြုပ်ခဲ့ရတာတွေကို တွေ့ရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးက မြို့နယ်စုံမှာရှိတဲ့ ကျေးရွာအုပ်စု ၁၀၀ ကျော် ရေလွှမ်းမိုးခဲ့ပြီး သဘာဝဘေးဒဏ်ခံပြည်သူများဆီကို နိုင်ငံတော်သမ္မတနဲ့ တာဝန်ရှိသူတွေ ရေကြီးရေလျှံပြီး နောက်တစ်ရက်မှာပဲ ချက်ချင်း အရောက်သွားလို့ နှစ်သိမ့်အားပေးတာ၊ ကူညီထောက်ပံ့တာတွေကို တွေ့ရပါတယ်။

သဘာဝဘေးဒဏ်ဆိုတာ ဘယ်နေရာ၊ ဘယ်ဒေသမှာပဲဖြစ်ဖြစ် ရှောင်လွှဲလို့မရပါဘူး။ အမေရိကန်မှာ မုန်တိုင်းတိုက်နိုင်သလို ဂျပန်မှာလည်း ဆူနာမီနဲ့ ကြုံရတာပါပဲ။ မကြာသေးတဲ့ကာလက လှုပ်ခတ်ခဲ့တဲ့ ငလျင်ကြောင့်လည်း နီပေါမှာ လူ့အသက်ပေါင်းများစွာနဲ့ နှစ်ပေါင်းထောင်ချီရှိခဲ့တဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေ ဆုံးရှုံးခဲ့ရတာကို အားလုံးအသိပါ။

သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံတဲ့ စိတ်နဲ့ ရင်ဆိုင်ဖို့မှာ နံပါတ်တစ်က စည်းလုံးခြင်းပါ။ ဖြူသည်၊ မည်းသည် အမျိုးအမည်မခွဲဘဲ ဖြစ်လာတဲ့ ပြဿနာကို တုံးဆိုတိုက်၊ ကျားဆိုကိုက် ရင်ဆိုင်ကျော်ဖြတ်ကြတာကို

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖**



မြန်မာ့မီးရထားမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ရေတိုက်စားသွားသည့်ရထားလမ်းကို ပြန်လည်ပြုပြင်နေစဉ်။

အသွင်သစ်! SMART ဝမတ် ရိုလာ ခြင်ဇကာ
ခြင်ဇကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်၊
သံချေးတက်ခြင်း၊ ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာ ဂလတ်(စ်) ခြင်ဇကာသား၊
ရန်ကုန် - 01 450 962
09 431 44178
09 79222 8860
ပန္နလေး - 09 2506 38611
ပြတင်း/တံခါး ဆိုဒ် မျိုးစုံကို အိမ်အရောက်တပ်ဆင်ပေးသည်။
အလူမီနီယမ်နှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ကားမှန် မှန်စပေါ့ နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့
မှန် ဒေါက်တာ
ရန်ကုန် 09 4211 51119, 09 4500 54449
မန္တလေး 09 2506 38611, 09 7987 97917

နဂါးနီ
ဘုရိတ်ဓါးဆူးကြိုးတပ်ဆင် ဖြန့်ချိရေး
သင့်လုံခြုံရေးအတွက် နဂါးနီ ကို တာဝန်ပေးပါ၊
အမျိုးအစားအလိုက် ဈေးနှုန်းမှန်ဖြင့် စနစ်တကျ တပ်ဆင်ပေးသည်။
ဆိုင်(၁) - အမှတ်(၇၆) သမိန်ဗရန်းလမ်း၊ တာမွေမီးသတ်မျက်နှာချင်းဆိုင်၊
ဆိုင်(၂) - အမှတ်(၁) သံသုမာလမ်း၊ မြန်မာ့ရက်ရောင်အိပ်ယာမျက်နှာချင်းဆိုင်၊ တာမွေ။
Ph: 01 450 783, 09 730 20031, 09 730 20032

ကြေးမုံစာတည်းရှုထောင့် ၂၅-၇-၂၀၁၅၊ စနေနေ့

# အမျိုးသားအရေးမို့ကာကွယ်

မြန်မာနိုင်ငံနှင့်မြန်မာလူမျိုးများသည် သမိုင်းအစဉ်အဆက် ယဉ်ကျေးသောလူမျိုး၊ ကိုယ်ကျင့်တရား ကောင်းမွန်သောနိုင်ငံအဖြစ် ရပ်တည်နေထိုင်ခဲ့ကြသည်မှာ အစဉ်အလာဖြစ်သည်။ ယဉ်ကျေးသောစရိုက်လက္ခဏာများဖြင့် မိမိတို့တစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။

ကိုယ်ကျင့်တရားကို ထိန်းသိမ်းစောင့်ရှောက်ကြရာ၌ အရက်သေစာသောက်စားခြင်းသည် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်ဆန့်ကျင်သောကိစ္စဖြစ်နေ၏။ လူမှုဘဝပတ်ဝန်းကျင်တွင် အရက်သေစာသောက်စားမူးယစ်ခြင်းများ တစ်နေ့တခြားတိုးပွားလာနေသည်။ ယင်းကိစ္စမှာ ကိုယ်ကျင့်တရားကိုသာမက အကျင့်စာရိတ္တနှင့် လူမှုစီးပွားကိုပါ ထိခိုက်စေနိုင်ရာ အထူးသတိပြုရှောင်ကြဉ်ရမည့် အချက်ဖြစ်လာသည်။

မကြာသေးမီက ရန်ကုန်မြို့ကြီးရှိ အများပြည်သူအပန်းဖြေရာ ဥယျာဉ်ပန်းခြံကြီးများတွင် အရက်သေစာရောင်းချသည့် ဆိုင်ကြီးများတွင်ကျယ်စွာဖွင့်လှစ်ရောင်းချနေသောကြောင့် အေးချမ်းစွာအပန်းဖြေလိုသော အများပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စရာများ ကြုံတွေ့နေရသည်ဟု ကြားသိရ၏။ ဤသည်မှာ မဖြစ်သင့်သောကိစ္စ၊ မပြုလုပ်သင့်သောကိစ္စဖြစ်ချေ၏။

အများပြည်သူအတွက် ပန်းဥယျာဉ်ဆိုသည်မှာ ကလေးသူငယ်များ၊ မိသားစုများ အားလပ်ချိန်တွင် စိတ်နှလုံးရွှင်လန်းပြီး အေးချမ်းစွာအပန်းဖြေနိုင်ရန်အတွက် ဖွင့်လှစ်ပေးထားသောပန်းခြံများသာဖြစ်၏။ ထိုပန်းခြံထဲတွင် ပြည်သူများလွတ်လွတ်လပ်လပ် အေးချမ်းစွာအပန်းဖြေအပ်၏။ ထိုနေရာသည် အရက်သေစာသောက်စားပြီး အပျော်လွန်ရမည့်နေရာမဟုတ်ချေ။ စားလိုက်သောက်လိုက်ဖြင့် ပြည်သူများအား စိတ်အနှောင့်အယှက်ဖြစ်စေရန် ဖွင့်လှစ်ပေးထားသောနေရာမဟုတ်ပါ။

သို့သော် အပန်းဖြေဥယျာဉ်အစား မူးယစ်သောက်စားရာ နေရာတစ်ခုဖြစ်လာသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ ထိုဥယျာဉ်ပန်းခြံများသာမက အခြားအများသူငါ သွားလာနေထိုင်ရာနေရာများတွင်လည်း အရက်သေစာသောက်စားသူများအတွက် အရက်ဆိုင်များမှာ နေရာအနှံ့ဥဒဟိုပေါ်ပေါက်လာခြင်းသည် မြန်မာတို့၏ အစဉ်အလာကောင်းခဲ့သော အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေသောကိစ္စများဖြစ်လာသည်။

ပထမအကြိမ်အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၁)ရက်မြောက်နေ့က နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီမဟုတ်ဘဲ အရက်လိုင်စင်ချထားပေးခြင်းကို မည်သို့ဆောင်ရွက်ခဲ့သည်။ အရေးယူဆောင်ရွက်မည် မေးခွန်းကိုကြားသိလိုက်ရသည်။ အဖြေတွင် မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေ ၄၅ လိုင်စင်အမျိုးအစား ၄၁ မျိုး ပြဋ္ဌာန်းထားသော်လည်း ယခုဘဏ္ဍာရေးနှစ်တွင် လိုင်စင်အမျိုးအစား ၃၀ ကိုသာ ခွင့်ပြုချထားလုပ်ကိုင်လျက်ရှိကြောင်း ပြောကြားသွား၏။

ယစ်မျိုးလိုင်စင်အရေအတွက်များကိုလည်း တစ်နှစ်ထက် တစ်နှစ် လျှော့ချ၍ ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ခွင့်ပြုချထားပေးခဲ့သော ယစ်မျိုးလိုင်စင်များအနေဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ တရားမဝင်ရောင်းချခြင်းများအား အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားထားရာ အမျိုးသားယဉ်ကျေးမှုနှင့် ကိုယ်ကျင့်သိက္ခာကောင်းမွန်ရေးအတွက် ဝမ်းမြောက်ဖွယ်ဖြစ်၏။

သို့သော် အရက်ရောင်းသောဆိုင်များ ဥယျာဉ်ပန်းခြံများအတွင်းသာမက မြို့ရွာတိုင်းလိုလိုရှိလမ်းများတွင် လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနေကြသည်မှာ ခွင့်ပြုထားသော ယစ်မျိုးလိုင်စင်ရှိသူများ၊ ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေနှင့်ညီညွတ်သူများ ဟုတ်/မဟုတ် ဆန်းစစ်ကြည့်ရန်လိုပေသည်။ ယခုဘဏ္ဍာနှစ်အတွက် ခွင့်ပြုပေးခဲ့သော ယစ်မျိုးလိုင်စင် ၄၁၀၄၀ မှာ မြို့များ၊ ရွာများ၊ လမ်းများနှင့်နှိုင်းစာလျှင် မများသော်လည်း အမျိုးသားယဉ်ကျေးမှုအတွက် ရင်လေးဖွယ်ဖြစ်သည်။

အရက်သေစာဟူသည်မှာ စည်းနှင့်ကမ်းနှင့် ဥပဒေနှင့်အညီ ရောင်းဝယ်ဖောက်ကား သောက်သုံးရန်အတွက်သာဖြစ်၏။ ဥပဒေနှင့်ညီလျှင် ဆိုဖွယ်ရာမရှိသော်လည်း ဥပဒေနှင့်မညီလျှင် ထိရောက်စွာဟန့်တား အရေးယူရမည်မှာ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်ခြင်းဖြစ်သော အမျိုးသားရေးတာဝန်ဖြစ်ပါသတည်း။ ။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်အား ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဟောင်းနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၄**

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ထိုင်းနိုင်ငံ ကာကွယ်ရေး ဝန်ကြီးဟောင်းနှင့် GML Exhibition (Thailand) Co.,Ltd ၏ အကြံပေးအရာရှိ General (ret) Sumpun Boonyanun နှင့်အဖွဲ့မှ ယမန်နေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ရာ ထိုင်းနိုင်ငံ၌ နိုဝင်ဘာလအတွင်း ကျင်းပမည့် Defence & Security 2015 ပြပွဲနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးကြသည်။

ထို့သို့ တွေ့ဆုံရာတွင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# မြန်မာ့ကော်ဖီ ကမ္ဘာ့အဆင့်မီရေး မြှင့်တင်ပေးလျက်ရှိ

**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာ့ကော်ဖီတောင်သူများ၏ လူမှုစီးပွားမြင့်မားလာစေရန် မြန်မာနိုင်ငံကော်ဖီအသင်း၊ အမေရိကန်ပြည်ထောင်စုဖွံ့ဖြိုးရေးအေဂျင်စီ(*USAID*-မြန်မာ)၏ *Winrock International* တို့က ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

မေလတွင် ရန်ကုန်မြို့၌ မြန်မာ့ကော်ဖီအရည်အသွေးပြိုင်ပွဲကို ကျင်းပရာ ယခုနှစ်အတွင်း ရိတ်သိမ်းထားပြီး မလှော်သေးသည့် ကော်ဖီနမူနာ ၅၈ ခုကို အရည်အသွေးစိစစ်ကာ အထူးတန်းဝင်ကော်ဖီ ၂၁ ခုအား ရွေးချယ်ခဲ့သည်။ နောက်ဆုံးအဆင့်တွင် အကောင်းဆုံးကော်ဖီတန်းဝင် ၁၀ ခုကို ရွေးချယ်ပြီး ဇူလိုင် ၁၈ရက်က ပြင်ဦးလွင်မြို့၌ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထိုပြိုင်ပွဲ၌ နိုင်ငံတကာကော်ဖီအရည်အသွေးစစ်ဆေးသူများက စိစစ်ရွေးချယ်ခဲ့ကြပြီး ဆုရရှိသည့် ကော်ဖီတောင်သူ ၁၀ ဦးတွင် ငါးဧကအောက်ပိုင်သူတောင်သူ ငါးဦး၊ ငါးဧကနှင့်အထက်ဧက ၁၀၀ အထိပိုင်သည့် စီးပွားဖြစ်တောင်သူငါးဦးကို ရွေးချယ်ခဲ့သည်။

မြန်မာနိုင်ငံတွင် အထူးတန်းကော်ဖီများကို ရှာဖွေရရှိနိုင်မည်ဟု ကော်ဖီပညာရှင် ကရက်ခ်ဟော့က သုံးသပ်ပြောသည်။ မြန်မာ့ကော်ဖီစေ့ နမူနာ ၅၈ခုတွင် ရှမ်းပြည်တောင်ပိုင်းမှ ၄၂ ခုနှင့် ပြင်ဦးလွင်မြို့မှ ကော်ဖီစနစ်တကျစိုက်ပျိုးသူများထံမှ ၁၆ခု ဖြစ်သည်။ *Win Rock* မှ ရှမ်းပြည်နယ် တောင်ပိုင်းရှာငံဒေသရှိ ကော်ဖီတောင်သူများကို သင်တန်းပေးလျက်ရှိပြီး ကော်ဖီအရည်အသွေးစစ်ပြိုင်ပွဲမှ ကော်ဖီစိုက်တောင်သူများအား နည်းပညာ၊ ကော်ဖီခြံသုံးစက်ကိရိယာနှင့် ပစ္စည်းများ ပံ့ပိုးပေးကြောင်း ပြန်ကြားဆက်သွယ်ရေး အထူးတာဝန်ခံ မဝိုင်းစန္ဒီမြင့်၏ပြောကြားချက်အရ သိရသည်။ **(သန့်ဇင်ဝင်း)**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူအမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၂၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၃၂၀၀၀ | - | ၇၃၃၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၃၂၅၀၀ | - | ၇၃၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀/၈၂၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၄၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၆၂. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉. ၆၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၆၄၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၅. ၇၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၄၁၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၀၀. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၆. ၇၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၁. ၈၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၅. ၉၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



ကြေးမုံ နေ့စဉ်သတင်းစာ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ကျော်ဇေယျာမြင့်၊ ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

# ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားကျေးလက်ကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ်မစ္စတာ အီစန်မူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

တွေ့ဆုံစဉ် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေး၊ ပန်းလှိုင်မြစ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး၊ လယ်ယာသားငါးကဏ္ဍဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဒေါက်တာကံဇော်၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ နံနက် ၆ နာရီမှစပြီး အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ "ဝ"၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင် ဘာသာများဖြင့် ည ၁၁နာရီအထိ ထုတ်လွှင့်ခဲ့ပါသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၁၅ ခုနှစ် ဩဂုတ် ၁ ရက်မှစပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ နံနက် ၆ နာရီမှ ၇ နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ နံနက်၇ နာရီမှ ၈ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရခိုင်ဘာသာအစီစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ "ဝ"ဘာသာအစီအစဉ်၊ ညနေ ၄ နာရီမှ ၆နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ညနေ ၆ နာရီ ည ၈ နာရီအထိ ကယားဘာသာအစီအစဉ်၊ ည ၈ နာရီမှ ၉ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ည ၁၀ နာရီမှ ၁၁ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

# ရွေးကောက်ပွဲသတင်းယူတဲ့အခါ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အသံကိုထုတ်ပေးနိုင်ဖို့လိုတယ်

**တွေ့ဆုံမေးမြန်း-မင်းသစ်**
**ဓာတ်ပုံ-နေလင်း(သတင်းစဉ်)**

**မြန်မာနိုင်ငံအတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်လာမည့် လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့သည်။**

လွတ်လပ်၍ တရားမျှတသော အထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာ၏ အခန်းကဏ္ဍကလည်း တစ်ထောင့်တစ်နေရာမှပါဝင်သည်။ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများနှင့် ကာလအတန်ကြာ အဆက်ပြတ်သွားခဲ့ရသည့် မြန်မာ့စာနယ်ဇင်းလောကသားတို့အတွက် ပြည်တွင်းပြည်ပမှ ရွေးကောက်ပွဲဆိုင်ရာ သတင်းရေးသားနည်းများကို ယခုနှစ်အတွင်း ဆက်တိုက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နေသည့် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်တွင် ဖွင့်လှစ်ထားသည့် ရန်ကုန်သတင်းစာပညာ ကျောင်းကလည်း ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး သတင်းယူနည်းသင်တန်းများကို ယခုရက်ပိုင်းအတွင်း ပို့ချပေးလျက်ရှိသည်။

သို့ဖြင့် ယခုလာမည့် အထွေထွေ ရွေးကောက်ပွဲနှင့် သတင်းမီဒီယာတို့၏ အခန်းကဏ္ဍအပေါ် ရန်ကုန်သတင်းစာပညာကျောင်းမှ ဒါရိုက်တာ သတင်းစာဆရာ ဦးရဲနိုင်မိုးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားတင်ပြလိုက်ရပါသည်။

**မေး။ ။ ဆရာရဲ့ သတင်းစာပညာကျောင်းအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အချို့မှာ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး သတင်းယူနည်းသင်တန်း ပို့ချနေတယ်လို့သိရပါတယ်။ ရည်ရွယ်ချက်ကို သိပါရစေ။**

ဖြေ။ ။ ကျွန်တော်တို့ ရန်ကုန်သတင်းစာပညာကျောင်းက တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးတော့ မဟုတ်ဘူး။ တတ်နိုင်သလောက် အချိန်ရှိတဲ့ကာလမှာ ရွေးကောက်ပွဲသတင်းရေးသားနည်း သင်တန်းတွေ လုပ်နေပါတယ်။ ပြီးခဲ့တဲ့သီတင်းပတ်တွေထဲမှာ မကွေးတိုင်းဒေသကြီးနဲ့ ကချင်ပြည်နယ်တွေမှာ လုပ်ခဲ့တယ်။ အခုအပတ်မှာတော့ ရန်ကုန်မှာ ပို့ချနေပါတယ်။ ရှေ့မှာလည်း ရွေးကောက်ပွဲသတင်းရေးသားနည်းနဲ့ ပတ်သက်ပြီး ရန်ကုန်မှာ လုပ်ဖို့ရှိပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ အထွေထွေရွေးကောက်ပွဲတွေက ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲပေါ်မှာ၊ ပြည်သူလူထုပေါ်မှာ အများကြီး အကျိုးသက်ရောက်မှုရှိမယ်။ သတင်းမီဒီယာ အခန်းကဏ္ဍမှာလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အင်မတန်အရေးကြီးတယ်။ သတင်းမီဒီယာတွေ တော်တော်များများဟာ ကိုယ်တိုင်က ရွေးကောက်ပွဲအတွေ့အကြုံ အင်မတန်နည်းပါးတယ်။ ကျွန်တော်တို့ကိုယ်တိုင် ရွေးကောက်ပွဲအတွေ့အကြုံနည်းပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် ကြိုတင်ပြီး ပြင်ဆင်တဲ့အနေနဲ့ သင်တန်းတွေ လုပ်တာပါ။

**မေး။ ။ ရွေးကောက်ပွဲမှာ သတင်းမီဒီယာအခန်းကဏ္ဍ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ ။ ရွေးကောက်ပွဲလို့ပြောရင် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ လိုအပ်တယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲကော်မရှင်ကစပြီးတော့ သတင်းမီဒီယာတွေအခန်းကဏ္ဍအထိ အလွန်အရေးကြီးတယ်။ သတင်းမီဒီယာတွေက မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံနဲ့ သတင်းတွေကို မဲဆန္ဒရှင်ပြည်သူတွေအတွက် ရေးသားပေးနိုင်မှ လွတ်လပ်တယ်၊ တရားမျှတတယ်ဆိုတဲ့ ရွေးကောက်ပွဲ အင်္ဂါရပ်နဲ့ပြည့်စုံမှာပါ။ ဒါကြောင့် သတင်းမီဒီယာတွေရဲ့ ကျွမ်းကျင်မှုက အရေးကြီးသလို အစိုးရနဲ့ ရွေးကောက်ပွဲကော်မရှင်က သတင်းမီဒီယာတွေကို လွတ်လွတ်လပ်လပ် သတင်းရယူနိုင်ဖို့ အခွင့်အလမ်းကလည်း အရေးကြီးပါတယ်။

**မေး။ ။ သတင်းမီဒီယာတွေအနေနဲ့ ရွေးကောက်ပွဲကာလ သတင်းယူတဲ့အခါ ဘယ်လိုအချက်တွေကို သတိထားသင့်တယ်ဆိုတာ ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ ။ သတင်းမီဒီယာတွေကတော့ ရွေးကောက်ပွဲကာလအတွင်းမှာမှ မဟုတ်ဘူး။ အချိန်ပြည့် ကျင့်ဝတ်နဲ့ ပတ်သက်ရင် ကျွန်တော်တို့ လိုက်နာရမှာတွေ ရှိပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲမှာတော့ ပိုပြီး သတိထားဖို့လိုအပ်တယ်။ ပထမတစ်ချက်ကတော့ ကိုယ်ရေးတဲ့ သတင်းတွေဟာ တိကျမှန်ကန်မှုဖြစ်ဖို့ အင်မတန်အရေးကြီးပါတယ်။ ဒုတိယတစ်ချက်ကတော့ အာဘော်ဆောင်းပါးတွေမှမဟုတ်ဘဲနဲ့ သတင်းရေးသားတဲ့အခါမှာ ကြားနေမှုကို တကယ်ကို ရပ်တည်နိုင်ဖို့ အရေးကြီးပါတယ်။ တတိယအချက်က ရွေးကောက်ပွဲကို ရေးသားတဲ့အခါမှာ အတိုက်အခံနဲ့အစိုးရ မျက်နှာချင်းဆိုင်ဆိုတဲ့ပုံစံမျိုး ရေးတာမျိုးမဟုတ်ဘဲနဲ့ မတူကွဲပြားမှုသတင်းတွေမှာ လူနည်းစုအကြောင်းတွေ၊ မတူညီတဲ့ အသက်မွေးဝမ်းကျောင်းမှုအကြောင်းတွေ၊ တိုးတိတ်တဲ့ အသံတွေကို ထုတ်ဖော်ပေးဖို့ အရေးကြီးပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ သတင်းတွေ ရေးတဲ့အခါမှာ တာဝန်ယူဖို့ အရေးကြီးပါတယ်။

**မေး။ ။ ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ သတင်းတွေရေးသားတဲ့အခါ ဘယ်လိုအချက်တွေကို ကိုးကားပြီး ရေးသားသင့်ပါသလဲ။**

ဖြေ။ ။ သတင်းတွေရေးသားတဲ့အခါ သုတေသန အရင်ပြုလုပ်ဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ အထွေထွေ ရွေးကောက်ပွဲတွေရဲ့ နောက်ခံသမိုင်းကြောင်းတွေကို လေ့လာဖို့လိုမယ်။ ရွေးကောက်ပွဲရဲ့ ဥပဒေ၊ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ ညွှန်ကြားချက်တွေကို တကယ်လေ့လာဖို့လိုတယ်။ သတင်းအရင်းအမြစ် အားကောင်းဖို့လိုတယ်။ သတင်းအရင်းအမြစ် (Source)တွေ ညွှန်းဆိုတာလိုအပ်ပါတယ်။ နောက် ရွေးကောက်ပွဲသတင်းယူတဲ့အခါမှာ ကိုယ့်ရဲ့မဏ္ဍိုင်ဟာ မဲဆန္ဒရှင် ပြည်သူ့ရဲ့အသံကို ထုတ်ပေးနိုင်ဖို့လိုတယ်။ တစ်ခါတလေမှာ သတင်းမီဒီယာတွေက ခေါင်းဆောင်တွေ၊ အစိုးရတွေ အတိုက်အခံခေါင်းဆောင်တွေ၊ ထင်ရှားတဲ့သူတွေ ပြောတာတွေပဲ ရေးလေ့ရှိတယ်။ တကယ်ရွေးကောက်ပွဲသတင်းရေးသားတဲ့အခါ ဖြစ်ရမယ့် အတွေးအခေါ်ကတော့ မဲထည့်ရမယ့် မဲဆန္ဒရှင်ပြည်သူတွေရဲ့ လိုချင်တဲ့ မျှော်လင့်မှုတွေ စိုးရိမ်ပူပန်မှုတွေကို ထုတ်ဖော်ရေးသားပေးဖို့ပါပဲ။



သတင်းစာဆရာ ဦးရဲနိုင်မိုး

**မေး။ ။ မြန်မာနိုင်ငံက ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး မယဉ်ပါးသေးဘူးဆိုတော့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး သတင်းယူမယ့် သတင်းထောက်တွေကို ဘယ်လို (မက်ဆေ့ချ်)တွေ ပေးချင်ပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့က ပြီးခဲ့တဲ့ အနှစ် ၂၀ အတွင်းမှာ ရွေးကောက်ပွဲတစ်ကြိမ်ပဲ ရှိခဲ့တယ်ဆိုတော့ အစိုးရကော၊ ပြည်သူရော၊ မီဒီယာကိုယ်တိုင်ကရော ရွေးကောက်ပွဲနဲ့ပတ်သက်ရင် မရင်းနှီးကြဘူး။ ကျွန်တော့်အနေနဲ့ စိုးရိမ်ပူပန်မှုအရှိဆုံးက မဲဆန္ဒရှင်ပြည်သူတွေအတွက် ပညာပေးတဲ့ဟာတွေ အားနည်းမှာစိုးတယ်။ မြန်မာနိုင်ငံဟာ လမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲတယ်။ နယ်ဒေသတွေမှာဆိုရင် ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်ရဖို့ဆိုတာ အင်မတန် ခက်ခဲလိမ့်မယ်။ မဲဘယ်လိုပေးရမလဲဆိုတာတောင်မှ မသိတဲ့ မဲဆန္ဒရှင်ပြည်သူတွေအများကြီး ရှိနိုင်တယ်။ နောက်တစ်ခုက သူတို့မှာရွေးချယ်ခွင့် ဘယ်လောက် ရှိလဲ၊ ဝင်ပြိုင်မယ့် ကိုယ်စားလှယ်တွေနဲ့ ပါတီတွေက ဘယ်လိုမူဝါဒတွေနဲ့ ဖော်ဆောင်ဖို့အတွက် ကတိပြုတယ်ဆိုတာလည်း မဲဆန္ဒရှင်တွေ မသိတာအများကြီး ရှိတယ်။ အဲဒီသတင်းအချက်အလက်တွေ များများရဖို့အတွက် ကော်မရှင်တင် မကဘဲ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကပါ အဲဒါတွေနဲ့ ပတ်သက်ပြီး သတင်းမီဒီယာတွေကလည်း များများဖော်ထုတ်ရေးသားဖို့ လိုအပ်ပါတယ်။

**မေး။ ။ ဘာများဖြည့်စွက်ပြောကြားဖို့ ရှိပါသလဲ။**

ဖြေ။ ။ ရွေးကောက်ပွဲနေ့ကိုပဲ ပြောချင်တယ်။ ရွေးကောက်ပွဲနေ့မှာ သတင်းယူကြမယ့် သတင်းမီဒီယာသမားတွေ အများကြီးရှိတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း လွတ်လွတ်လပ်လပ် သတင်းယူကြဖို့ ခွင့်ပေးထားတယ်လို့ ပြောပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ များပြားလှတဲ့ မဲရုံတွေမှာ၊ သောင်းနဲ့ သိန်းနဲ့ ချီတဲ့မဲရုံတွေမှာ တာဝန်ထမ်းကြမယ့် သူတွေကို သတင်းမီဒီယာတွေနဲ့ ပတ်သက်ပြီးတော့ စနစ်တကျ နားလည်အောင်လို့ သက်ဆိုင်ရာ ကော်မရှင်ကနေပြီး လုပ်ပေးစေချင်ပါတယ်။ **ကျေးဇူးတင်ပါတယ်။**



## ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့ ဝါဆိုသင်္ကန်းဆက်ကပ်

**နေပြည်တော်　ဇူလိုင်　၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်ထောင်စုလွှတ်တော်ဧည့်ခန်းမ၌ ကျင်းပသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက၊ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စျေးကုန်းကျောင်းတိုက်ဆရာတော်ထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**(သတင်းစဉ်)**

## သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေးဒုတိယနေ့ကျင်းပ

**ရန်ကုန်　ဇူလိုင်　၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ (၄၇)ပါးစုံညီ အဌမ အစည်းအဝေးဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇိယ မင်္ဂလာ ဓမ္မသဘင်၌ ကျင်းပရာ**(ယာပုံ)** သဘာပတိအဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရ ဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး အဖြစ် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တ ဓမ္မ ပါလာ ဘိဝံသက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပဌမအဖွဲ့ခွဲ)၏ တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယ ရေးရာ၊ သာသနာရေးဆိုင်ရာနှင့် ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြသည်။ ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးဆိုင်ရာနှင့် ပညာရေးဆိုင်ရာများဖြင့် စပ်လျဉ်းဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တာဝန်ကျရာကာလ အတွင်း ဆောင်ရွက်ချက်၊ အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေး ဆိုင်ရာနှင့် ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်များက ပြန်လည်ရှင်းလင်း လျှောက်ထားတော်မူကြပြီး ဒုတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မ ပါလာ ဘိဝံသက အတည်ပြုချက်ရယူပြီး အစည်းအဝေးသို့ ကြွရောက်လာသည့် ဆရာတော်များအားလုံးက ဇယန္တော ဗောဓိယာမူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ် ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။



ယနေ့အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂ မဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရ ဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**(သတင်းစဉ်)**

## အများပြည်သူကို သတင်းဝန်ဆောင်မှုပေးမည့်

# MOI Call Center 1883




**ရန်ကုန်　ဇူလိုင်　၂၄**

အများပြည်သူကို သတင်းဝန်ဆောင်မှုပေးနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Blue Ocean Operating Management ကုမ္ပဏီတို့ ပူးပေါင်း၍ MOI Call Center 1883 ကို ဇွန် ၁ ရက်မှစတင်၍ ဖွင့်လှစ်ဆောင်ရွက်နေပြီဖြစ်သည်။

"ပြန်ကြားရေးဝန်ကြီးဌာနက ပေးချင်တဲ့ message တွေကို အမှန်သိရအောင် Call Center တစ်ခုနဲ့ မိုဘိုင်း ရေဒီယိုဆိုပြီး နှစ်ပိုင်းပါ။ Call Center က ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနဲ့ တွဲလုပ်ရတယ်။ မိုဘိုင်းရေဒီယိုက မြန်မာ့ရုပ်မြင်သံကြားဌာနနဲ့ တွဲလုပ်ရတယ်။

သာမန်အားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ပေးလာတဲ့သတင်းတွေနဲ့ ပတ်သက်ပြီး ဖြေပေးတယ်။ တကယ်လို့ ပြည်သူက မေးလာတဲ့ မေးခွန်းအပေါ် မဖြေနိုင်တဲ့ မေးခွန်းဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနကို သတင်းပို့ပေးတယ်။ အဖြေရရင် ချက်ချင်းပြန်ဖြေပေးတယ်။ မဖြေနိုင်သေးရင်လည်း မဖြေနိုင်သေးဘူးလို့ အကြောင်းပြန်ကြားပေးတယ်။ ဒါ Call Center ရဲ့ အလုပ်ပါ။

Call Center 1883 က ပြန်ကြားရေးဝန်ကြီးဌာနရဲ့ Call Center ဖြစ်တဲ့အတွက်ကြောင့် ဝန်ကြီးဌာနကိုယ်စားပဲဖြေတယ်။ Service ပေးတယ်။ အဓိကကတော့ အများပြည်သူသိချင်တာတွေကို ဖြေပေးတာပါ။ အများပြည်သူသိလိုတဲ့ သတင်းအချက်အလက်တွေကို Call Center 1883 ထံ ဆက်သွယ်မေးမြန်းတဲ့အခါ အလိုအလျောက် သတင်းပြန်ကြားပေးခြင်းနဲ့ သီးခြားမေးမြန်းလာမှုတွေအပေါ် ပြန်လည်ဖြေကြားပေးတဲ့ အပိုင်း (၂)ပိုင်းခွဲပြီး ဆောင်ရွက်ပေးနေတယ်"ဟု Blue Ocean Operating Management ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

MOI Call Center 1883 ကို မေးမြန်းသည့်အခါ ပြည်သူတွေအနေဖြင့် နေ့စဉ် သတင်းခေါင်းစဉ် (၃)ခု သိခွင့်ရှိပြီး ပြည်တွင်းသတင်းများ၊ မိုးလေဝသသတင်းနှင့် ထူးခြားဖြစ်စဉ်များကို အဓိကထား မေးမြန်းကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သတင်းများ ပေးပို့ခြင်းနှင့် သီးခြားမေးမြန်းလာမှုအပေါ် ပြန်လည်ဖြေကြားနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ Contact Person များနှင့် ဖုန်းနံပါတ်များကို ဆက်သွယ်နိုင်ရန် ဆောင်ရွက်ပေးထားသည်။

၂၀၁၅ ခုနှစ် ဇွန် ၁ ရက်မှ ၃၀ ရက်အထိ Call Center 1883 မှ စက္ကန့် ၉၀ စာ သတင်းရယူ နားဆင်သည့် အကြိမ်အရေအတွက် ၁၃၇၄ ကြိမ်၊ Call Center သို့ ဆက်သွယ်မေးမြန်းသည့် အကြိမ်အရေအတွက် ၃၅၈၀ ဖြစ်ပြီး Call Center မှ တစ်ဆင့် ပြန်ကြားရေးဝန်ကြီးဌာနသို့ အကြံပြုသူ ၄ ဦးရှိခဲ့ကြောင်း သိရသည်။

"တစ်ရက်ကို မေးခွန်းမေးတဲ့သူ ပျမ်းမျှ ၂၀၀ လောက် ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ပေးတဲ့ သတင်းတွေနဲ့ပတ်သက်ပြီး ဖြေမှာပါ။ ပြန်ကြားရေးက သတင်းမဟုတ်ဘဲ တခြားကဏ္ဍနဲ့ပတ်သက်ပြီး မေးရင်တော့ သက်ဆိုင်ရာဖုန်းနံပါတ်တွေကို လွှဲပေးတယ်။ နောက်ပိုင်း ပြန်ကြားရေးဝန်ကြီးဌာနက ပြည်သူကို သတင်းစုံလင်စွာနဲ့ ဝန်ဆောင်မှုကောင်းအောင် ပေးနိုင်မယ်ဆိုရင် အနာဂတ်အတွက် အများကြီးကောင်းမယ်လို့ ယူဆပါတယ်"ဟု Blue Ocean Operating Management ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆက်ပြောသည်။

Call Center 1883 ကို ၂၄ နာရီ ဖွင့်ထားပြီး အများပြည်သူအတွက် သတင်းဝန်ဆောင်မှုများ ပေးနေကြောင်း သိရသည်။

Call Center ကို ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့ပြီး Call Center ၏ အဓိက Hot Line နံပါတ်များမှာ 1875၊ 1876၊ 1877၊ 1886၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းဝန်ဆောင်မှုအတွက် 1883၊ ရန်ကုန်-မန္တလေး အမြန်လမ်းအရေးပေါ်အတွက် 1880၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် 1881 နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွက် 1882 ဖြစ်သည်။　**(ဥမ္မာသန့်၊ ရီရီမြင့်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ

| | |
|---|---|
| သံတောင်ကြီး | ၇ ဒသမ ၂၀ လက်မ၊ |
| မြစ်ကြီးနား | ၅ ဒသမ ၃၅ လက်မ၊ |
| မိုးကောင်း | ၄ ဒသမ ၈၈ လက်မ၊ |
| ပူတာအို | ၄ ဒသမ ၆၄ လက်မ၊ |
| တောင်ကုတ် | ၄ ဒသမ ၄၉ လက်မ၊ |
| သံတွဲ | ၄ ဒသမ ၄၁ လက်မ၊ |
| ဗန်းမော် | ၄ ဒသမ ၀၅ လက်မ |

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုစေလွှတ်မည့် ဒုတိယအသုတ်အမည်စာရင်း

| စဉ် | အမည် | ခုံအမှတ် | အဆင့် | အထူးပြု | တက်ရောက်ခွင့်ပြုသောတက္ကသိုလ် | နိုင်ငံ |
|---|---|---|---|---|---|---|
| ၁ | မအိမွန်ဖြိုး | Ygn-PGM-0099 | မဟာဘွဲ့ | Clinical Nutrition | University of Glasgow | ဗြိတိန် |
| ၂ | မသီရိလွင် | Ygn-PGM-0634 | မဟာဘွဲ့ | Clinical Dentistry Implantology | BPP University, London Waterloo | ဗြိတိန် |
| ၃ | မနှင်းပွင့်ခိုင် | Ygn-PGM-0149 | မဟာဘွဲ့ | Teaching of English (TESOL) | University of Sunderland | ဗြိတိန် |
| ၄ | မဝင့်မွန်အိန္ဒြာသွင် | Ygn-PGM-0685 | မဟာဘွဲ့ | International Public Policy, Regulation and Competition | University of East Anglia | ဗြိတိန် |
| ၅ | မရွှေရည်ဦး | Ygn-PGM-0501 | မဟာဘွဲ့ | Business Management | University of East Anglia | ဗြိတိန် |
| ၆ | မထက်ထက်ဇော် | Ygn-PGM-0182 | မဟာဘွဲ့ | Hospitality & Tourism Management | University of Gloucestershire | ဗြိတိန် |
| ၇ | မခိုင်ဖြူသင်း | Mdy-PGM-0172 | မဟာဘွဲ့ | Information Technology (Computing) | University of Melbourne | သြစတြေးလျ |
| ၈ | မဇင်မာထွန်း | Ygn-PGM-0755 | မဟာဘွဲ့ | Management -Tourism & Hospitality | International College of Management Sydney | သြစတြေးလျ |
| ၉ | မနှင်းနန္ဒာကျော် | Ygn-PGM-0146 | မဟာဘွဲ့ | Management -Tourism & Hospitality | International College of Management Sydney | သြစတြေးလျ |
| ၁၀ | မရွှေဥ | Ygn-UG-0272 | ဘွဲ့ကြို | Medicine | INTO St. George's University of London | ဗြိတိန် |
| ၁၁ | မောင်အောင်ကောင်းဆက်ဟိန်း | Ygn-UG-0007 | ဘွဲ့ကြို | Medicine | INTO St. George's University of London | ဗြိတိန် |
| ၁၂ | မောင်မင်းစစ်သွေး | Ygn-UG-0190 | ဘွဲ့ကြို | Medicine | INTO St. George's University of London | ဗြိတိန် |
| ၁၃ | မရွှေဝါလွင် | Ygn-UG-0273 | ဘွဲ့ကြို | Medicine | INTO St. George's University of London | ဗြိတိန် |
| ၁၄ | မစောယုနွယ် | Ygn-UG-0265 | ဘွဲ့ကြို | Medicine | ONCAMPUS University of Central Lancashire | ဗြိတိန် |
| ၁၅ | မသိမ့်သီတာ | Ygn-UG-0321 | ဘွဲ့ကြို | Chemistry | INTO University of East Anglia | ဗြိတိန် |
| ၁၆ | မရဲရင့် | YGN-UG-0387 | ဘွဲ့ကြို | International Security Studies | Australian National University (ANU) | သြစတြေးလျ |
| ၁၇ | မဝသန်ဆည်းဆာကျော် | Ygn-UG-0364 | ဘွဲ့ကြို | Science | University of Sydney | သြစတြေးလျ |
| ၁၈ | မမေမြတ်လင်း | Ygn-UG-0162 | ဘွဲ့ကြို | Medicine | Monash University | သြစတြေးလျ |
| ၁၉ | မလှမဥ္ဇူခိုင် | Ygn-UG-0056 | ဘွဲ့ကြို | Medicine | Griffith University | သြစတြေးလျ |
| ၂၀ | မနှင်းသီတာနွယ် | Ygn-UG-0068 | ဘွဲ့ကြို | Medicine | Trinity College, University of Melbourne | သြစတြေးလျ |
| ၂၁ | မဆွေသက်လျှာဝင်း | Ygn-UG-0301 | ဘွဲ့ကြို | Medicine | Trinity College, University of Melbourne | သြစတြေးလျ |
| ၂၂ | မယမုံဦး | Mdy-UG-0130 | ဘွဲ့ကြို | Commerce | Trinity College, University of Melbourne | သြစတြေးလျ |
| ၂၃ | မောင်လူမင်းအောင် | Ygn-UG-0156 | ဘွဲ့ကြို | Civil Engineering | Taylors College, University of Sydney | သြစတြေးလျ |
| ၂၄ | မရည်မွန်ခြူး | Ygn-UG-0388 | ဘွဲ့ကြို | Civil Engineering | Taylors College, University of Sydney | သြစတြေးလျ |
| ၂၅ | မမြတ်ဆုမေမောင် | Ygn-UG-0198 | ဘွဲ့ကြို | Civil Engineering | Taylors College, University of Sydney | သြစတြေးလျ |
| ၂၆ | မသန့်အိန္ဒြေကျော် | Ygn-UG-0311 | ဘွဲ့ကြို | Civil Engineering | University of New South Wales (UNSW) Australia | သြစတြေးလျ |
| ၂၇ | မောင်ဇွဲပြည့်စုံထွန်း | Ygn-UG-0412 | ဘွဲ့ကြို | Information Technology | Navitas at University of New Hampshire | အမေရိကန် |
| ၂၈ | မောင်မင်းသန့်စင်ထွန်း | Ygn-UG-0183 | ဘွဲ့ကြို | Civil Engineering | Navitas at University of Massachusett Lowell (UMASS) | အမေရိကန် |

❖ မိုးသည်းထန်စွာမှ
တံတားအမှတ်(၂၈၁)၏ ဝဲ၊ ယာဖြစ်သည့် မန္တလေးဘက်ခြမ်း တာပေါင် အလျားပေ ၆၀၊ အမြင့်ပေ ၂၀ ခန့်နှင့် မြစ်ကြီးနားဘက်ခြမ်း တာပေါင် အလျားပေ ၁၀၀၊ အမြင့်ပေ ၂၀ ခန့်တို့ ရေတိုက်စား ပြတ်ထွက်သွားခဲ့သည်။

အဆိုပါ နှစ်နေရာတွင် ဘေလီတံတားထိုးရန် လိုအပ်သော ဘေလီသံပေါင်များ၊ ဇလီဖားတုံးနှင့် လုပ်ငန်းသုံးပစ္စည်းများ ရောက်ရှိပြီးဖြစ်ကာ ဘေလီတံတား တည်ဆောက်ခြင်းလုပ်ငန်းအား ဒုတိယအထွေထွေမန်နေဂျာ ဦးစီး၍ ကြီးကြပ်သူနှင့် လုပ်သား ၁၈၄ ဦး ပါဝင်သောအဖွဲ့ဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မိုင်တိုင်(၆၁၁/၁၅-၁၆)တွင် သံလမ်းရေတိုက်စားခြင်း၊ ဖားတုံးထိပ်ရေရောက်ရှိနစ်မြုပ်ခြင်း၊ တောင်ပြိုခြင်း၊ သံလမ်းပေါ်သို့ မြေဖုံးလွှမ်းခြင်းများကြောင့် အဆိုပါလမ်းပိုင်းကို ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းမှစတင်၍ ပိတ်ထားပြီး မြန်မာ့မီးရထားနှင့် အင်ဂျင်နီယာလုပ်သားများက တောင်ပြိုမြေများကို ဖယ်ရှားရှင်းလင်းလျက်ရှိသည်။

အဆိုပါဖြစ်စဉ်များကြောင့် မော်လူး-နန့်စီးအောင် ရထားလမ်းပိုင်းကို ပိတ်ထားပြီး ဇူလိုင် ၂၄ ရက်တွင် မြစ်ကြီးနား-ကောလင်း အစုန်၊ အဆန် အထူးရထား ခရီးစဉ်များ ဖျက်သိမ်းခဲ့ရသည်။

မိုးညှင်း-မြစ်ကြီးနား-မိုးညှင်း အထူးရထားနှင့် မန္တလေး-ချပ်သင်း-မန္တလေး အထူးရထားများ ဆက်လက်ပြေးဆွဲပေးလျက်ရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနက သိရသည်။ **(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

### ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့့ သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၂၄-၇-၂၀၁၅) ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ထုတ်ဝေသက်တမ်းတိုးနှစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက် ၁၀ ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် ခြောက်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် နှစ်ဦး၊ အထွေထွေ ထုတ်ဝေခွင့် ၁၅ ဦးနှင့် ပေါင်းလုပ်ငန်းအသစ် ၂၃ ဦးတို့အားလည်းကောင်း၊ သတင်းအေဂျင်စီ လုပ်ငန်းအသစ်လျှောက်ထားသူ သုံးဦး၊ ပုံနှိပ်လုပ်ငန်းလိပ်စာပြောင်း နှစ်ဦး၊ ဂျာနယ်ရုံးခန်း လိပ်စာပြောင်းတစ်ဦး၊ ဂျာနယ်လိုဂိုပြောင်း တစ်ဦးတို့အား လည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၁ ဦးနှင့် အသစ်လျှောက်ထားသူ ၂၀၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၈၆ ဦးနှင့် အသစ်လျှောက်ထားသူ ၄၈၂ ဦး၊ သတင်းအေဂျင်စီ လုပ်ငန်းအသစ်လျှောက်ထားသူ ၁၇ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၇၂၅ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူတစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လိုက်နာခြင်းမရှိသော ဂျာနယ်အား ခေါ်ယူသတိပေးပြီးကြောင်း သတင်းထုတ်ပြန်ချက်

**ရန်ကုန် ဇူလိုင် ၂၄**

ဇွန်လ (၃)ရက်နေ့ထုတ် မန္တလေးအရုဏ်ဦးအနုပညာဂျာနယ် အတွဲ(၅)၊ အမှတ်(၂၁)၊ စာမျက်နှာ(၁၂)တွင် နိုင်ငံခြားမော်ဒယ် ရိုစီဟန်တင်တန်ဝှိုက်လေ၏ ဝတ်လစ်စားလစ်ပုံ (၂)ပုံကိုလည်းကောင်း၊ ဇွန်လ (၂၄)ရက်နေ့ထုတ် မန္တလေးအရုဏ်ဦးအနုပညာဂျာနယ်အတွဲ(၅)၊ အမှတ်(၂၄)၊ စာမျက်နှာ (၃၀)တွင် နိုင်ငံခြားမင်းသမီး ရိုဘီရို့(စ်)၏ ဝတ်လစ်စားလစ်ပုံ (၃)ပုံနှင့် ဇူလိုင်လ (၁၅)ရက်နေ့ထုတ် မန္တလေးအရုဏ်ဦးအနုပညာဂျာနယ်အတွဲ(၅)၊ အမှတ်(၂၇)၊ စာမျက်နှာ(၂၄)တွင် နိုင်ငံခြားမင်းသမီး မိုင်လေးဆိုင်းရပ်၏ အပေါ်ပိုင်း ဝတ်လစ်စားလစ်ပုံ (၂)ပုံတို့ကို ပုံကြီးများဖြင့် ထင်ရှားစွာထည့်သွင်းဖော်ပြထားပါသည်။ ထိုသို့ဖော်ပြခြင်းမှာ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအခန်း(၄)၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် လိုက်နာရန်စည်းကမ်း ပုဒ်မ(၈) ပုဒ်မခွဲ(ဂ)ပါ ညစ်ညမ်းစာများကို ဖော်ပြခြင်းမပြုရဆိုသည့် စည်းကမ်းကို ဖောက်ဖျက်ကျူးလွန်သဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက (၂၃-၇-၂၀၁၅) ရက်နေ့တွင် မန္တလေးအရုဏ်ဦးအနုပညာဂျာနယ် ထုတ်ဝေသူ ဦးလှမြင့်အား ရန်ကုန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ခေါ်ယူတွေ့ဆုံ၍ နောင်တွင်ယခုကဲ့သို့ ဥပဒေကိုဖောက်ဖျက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးရှင်းလင်းပြောကြားထားပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

### ❖ ရထားမှ

ရခိုင်ပြည်နယ် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းတွေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာဖြစ်ပေါ်ခဲ့တဲ့ အခြေအနေတွေကနေ တွေ့မြင်ရပါတယ်။ သဘာဝဘေးဒဏ်ဆိုတာ ဘယ်နေရာမှာ ဘယ်လိုပုံစံမျိုးနဲ့ဝင်လာမယ်ဆိုတာ ကြိုတင်ခန့်မှန်းရခက်တဲ့ အရာမျိုးပါ။ မဖြစ်သေးခင်မှာ ဖြစ်လာရင်တုံ့ပြန်ဖို့ ပစ္စည်းနဲ့ နည်းနာတွေကို ကြိုတင်ပြင်ဆင်ရင်း ဖြစ်လာတဲ့ပြဿနာအကြီးအသေးပေါ် မူတည်ဆုံးဖြတ်ရခြင်းဖြစ်ပါတယ်။

စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုအနေနဲ့ စိတ်ဓာတ်မကျဖို့နဲ့ အကောင်းဆုံးတုံ့ပြန်ရင်ဆိုင်နိုင်ဖို့ ခွန်အားသတ္တိတွေ ရှိနေဖို့လိုပါတယ်။ တစ်ဦးကောင်းတစ်ယောက်ကောင်းကနေစပြီး တစ်စုကောင်း၊ တစ်ဖွဲ့ကောင်းနဲ့ တစ်နိုင်ငံလုံးကောင်းဖို့ကို ရှေးရှုကြရတာဖြစ်ပါတယ်။

ဒီလို ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ ပထမဆုံးကျေးဇူးတင်ချင်တာက ရေကြီးရေလျှံဖြစ်တဲ့ ဒေသက ဒေသခံတွေပါ။ ရေဘေးဒဏ်ကို တစ်ဖက်က ခံနေရတဲ့အချိန်မှာ အချိန်နဲ့တစ်ပြေးညီ အားလုံးသိရှိနိုင်အောင် သတင်းအချက်အလက်၊ ဓာတ်ပုံတွေကို လူမှုကွန်ရက်ကနေ ဆက်တိုက်ဆိုသလို ပေးပို့နိုင်ခဲ့ပါတယ်။ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်းမှာပဲ ဘယ်နေရာမှာ ဘာဖြစ်နေပြီ၊ ဘယ်သူတွေတော့ ဘာတွေလုပ်နေပြီ ဆိုတာကို ချက်ချင်းသိနိုင်အောင် လုပ်ပေးတဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ စိုးရိမ်နေကြတဲ့ မြန်မာနိုင်ငံအရပ်ရပ်က တိုင်းရင်းသားပြည်သူတွေအတွက် အဖိုးမဖြတ်နိုင်တဲ့ သတင်းရင်းမြစ်တွေ ဖြစ်ခဲ့ရပါတယ်။

ဒါ့အပြင် ဒေသခံတွေပါဝင်တဲ့ လူမှုရေးအဖွဲ့အစည်းတွေ၊ ဘုန်းတော်ကြီးကျောင်းက ရဟန်းသံဃာတွေနဲ့ နယ်မြေတပ်ရင်းတပ်ဖွဲ့တွေက တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ စတဲ့ အထောက်အကူပြုအဖွဲ့အစည်းတွေရဲ့ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို ကိုယ်တိုင်ကိုယ်ကျ မိုးထဲလေထဲ၊ ရေထဲဆင်းပြီး ချက်ချင်းဆောင်ရွက်ကြတာကို တွေ့ရပါတယ်။ အသက်ကို ပဓာနမထားဘဲ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရင်း



ရထားစီးခရီးသည်များအား မြန်မာ့မီးရထားမှ ဝန်ထမ်းများနှင့် ဒေသခံများက ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။

အသက်စွန့်ခဲ့ရတဲ့ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးကိုလည်း ဂုဏ်ယူချီးကျူးမိပါတယ်။ သူ့ရဲ့ စွန့်လွှတ်စွန့်စားတဲ့ စိတ်ဓာတ်ကိုလည်း အလေးအမြတ်ပြုရပါတယ်။

ပရဟိတလုပ်ငန်းတွေကို အောင်အောင်မြင်မြင်နဲ့ ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေ၊ တစ်နိုင်တစ်ပိုင် လုပ်ကိုင်ရင်း အရေးပေါ်ကူညီကယ်ဆယ်ရေးတွေကို ပါဝင်အားဖြည့် ဆောင်ရွက်ကြတာကို တက်ညီလက်ညီ တွေ့ရတော့ တိုင်းရင်းသားလူမျိုးတွေရဲ့ အရေးကြီးရင် သွေးနီးပြီး ဒုက္ခရောက်သူတွေ့ရင် ပစ်ပယ်မထားတတ်တဲ့ မြန်မာ့စိတ်ရင်းရဲ့ အလှတရားကို ထင်ထင်ရှားရှား တွေ့ခဲ့ရပါတယ်။

ဒါ့အပြင် ရထားလမ်းတွေ ရေကျော်ပျက်စီးကြတော့ သွားနေဆဲရထားတွေ ဘူတာတွေမှာ ပိတ်ဆို့နေတာ၊ ဆက်လက်ထွက်ခွာလို့ မရနိုင်တာတွေကို သတင်းစာတွေမှာ နေ့စဉ် ဖတ်ရှုခဲ့ရပါတယ်။ ရထားလမ်းပေါ်က လူတွေကို ရေတွေကြားမှာ လှေတွေနဲ့ နီးစပ်ရာအဖွဲ့အစည်းတွေက ကူညီပြီး ရေဘေးလွတ်ရာတွေမှာ နေရာပေးတာ၊ ထမင်းဟင်း ကျွေးနေတာ၊ ဆေးဝါးကုသပေးတာတွေကိုလည်း ဓာတ်ပုံတွေကတစ်ဆင့် သိမြင်ခွင့်ရခဲ့ပါတယ်။

ရထားပို့ဆောင်ရေးမှ မြန်မာ့မီးရထားကလည်း ဒုတိယဝန်ကြီးဦးစီးပြီး သက်ဆိုင်ရာ အင်ဂျင်နီယာတွေ၊ တာဝန်ရှိသူတွေနဲ့ ဇူလိုင် ၁၈ ရက်က ချပ်သင်း-ကျွန်းလှ-ကိုးထောင်ဘို့၊ ထန်းတပင်မှာ ပိတ်ဆို့နေတဲ့ အမြန်ရထားနဲ့ စာပို့ရထားခြောက်စင်းပေါ်က ခရီးသည်တွေကို ရွှေဘိုကတစ်ဆင့် မန္တလေးကို ပြန်ပို့နိုင်ခဲ့တယ်။ ဒါ့အပြင် ဆည်ရွာ-နဘား-မော်လူးတို့မှာ ရောက်နေတဲ့ အမြန်ရထားနဲ့ စာပို့ရထားလေးစင်းကို မြစ်ကြီးနားကို ပြန်လည်ပို့ဆောင်ပေးတာတွေ ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ့မီးရထားရဲ့ ဝန်ဆောင်မှုတွေအနေနဲ့ မန္တလေးမှာ ရောင်းချပြီးဖြစ်တဲ့ ရထားလက်မှတ်တွေ ငွေပြန်အမ်းတာ၊ ရထားထွက်မယ့်နေ့နဲ့ ခရီးသည်သွားလိုတဲ့ နေ့တွေမှာ အဲဒီလက်မှတ်နဲ့ ပြန်ပြီးစီးနင်းနိုင်အောင် စီမံပေးတာတွေလည်း တွေ့ရပါတယ်။

မန္တလေးနဲ့ မြစ်ကြီးနားကို ပို့ပေးလို့မရဘဲ လမ်းခုလတ်ဖြစ်တဲ့ မဲဇာဘူတာမှာ ခရီးသည် ၅၀၀ ကျော်၊ ကောလင်းဘူတာမှာ ခရီးသည် ၆၀၀ နီးပါး၊ ကိုးထောင်ဘို့ ဘူတာမှာ ခရီးသည် ၃၅၀ နီးပါးကို မြန်မာ့မီးရထားက ဝန်ထမ်းတွေက သက်ဆိုင်ရာ မြို့နယ်အထောက်အကူပြုကော်မတီတွေ၊ လူမှုကူညီရေးအဖွဲ့အစည်းတွေနဲ့ အလှူရှင်တွေပေါင်းပြီး ဆေးဝါးကုသပေးတာ၊ နံနက်၊ နေလယ်၊ ည ထမင်းဟင်း ကျွေးမွေးစောင့်ရှောက်ပေးတာတွေက ချီးကျူးဖို့ကောင်းပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ အလှူရှင်တွေကိုလည်း လေးစားမိပါတယ်။

ဇူလိုင် ၂၀ ရက်ကစပြီး ရေကျသွားရာကနေ မန္တလေး-မြစ်ကြီးနား ကားလမ်းအသုံးပြုနိုင်တဲ့နောက်မှာ ခရီးသည်တွေ လိုရာခရီးဆက်သွားနိုင်အောင် ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းက ကားတွေနဲ့ ချိတ်ဆက်ထွက်ခွာနိုင်အောင်လည်း မြန်မာ့မီးရထားက ဆောင်ရွက်ပေးခဲ့တယ်လို့ သိရပါတယ်။

ရထားလမ်းပိုင်းအလိုက် ပြေးဆွဲလို့ရတဲ့နေရာတွေမှာ ရေဘေးကူညီကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းတွေ၊ ရေဘေးသင့်ဒေသခံတွေအတွက် လိုအပ်တဲ့အခြေခံစားကုန်၊ သောက်သုံးရေနဲ့ အဝတ်အထည်၊ စောင်၊ ခြင်ထောင် ပါဝင်တဲ့ ပစ္စည်းတွေကို ကုန်တွဲတွေ၊ စာပို့တွဲတွေ စီစဉ်ပြီး လိုရာရောက်အောင် ပို့ဆောင်ပေးခဲ့တာတွေကို လူမှုကွန်ရက်မှာ ဓာတ်ပုံတွေနဲ့ နေ့တိုင်းတွေ့မြင်နေရပါတယ်။

ဆည်မြောင်းတာတမံအပိုင်းကလည်း ရေပိုတွေ ရေလွှတ်တာကို အချိန်နဲ့တစ်ပြေးညီ သတင်းထုတ်ပြန်နေပြီး ဆည်တာတာမံ ကျိုးပေါက်ပျက်စီးမှု မရှိဖို့အရေး သတိဝီရိယထားပြီး စီစဉ်ဆောင်ရွက်နေတာကို သိရပါတယ်။ မြေသားနိမ့်ကျတဲ့ နေရာ၊ ရေထုတ်လွှတ်မှုများတဲ့ နေရာတွေမှာ ကြိုတင်ကာကွယ်တားဆီးမယ့် အစီအမံတွေ ဆောင်ရွက်ကြတာလည်း တွေ့ရပါတယ်။

ကံကြီးနှင့် ဇော်ချောင်းဘူတာကြားမှာ အလျားပေ ၄၀၀ နီးပါး ရေတိုက်စားသွားတဲ့ တာပေါင်ကို ယာယီသံပေါင်နဲ့ ဘေလီတံတားထိုးတဲ့လုပ်ငန်းတွေကို အထွေထွေမန်နေဂျာ(မြို့ပြ) ဦးစီးကာ အင်ဂျင်နီယာ ၁၀ ဦးနဲ့ လုပ်သားအင်အား ၂၀၀ နီးပါး ဝိုင်းဝန်းပြီး အမြန်ပြုပြင်နေတယ်ဆိုတာ မနေ့ကသတင်းများမှာ ဖတ်ရှုရပါတယ်။

မြန်မာနိုင်ငံရဲ့ လမ်းပန်းဆက်သွယ်ရေးမှာ မီးရထားက အဓိကနေရာမှာ ရှိနေဆဲပါ။ ဒီအထဲကမှ မြန်မာနိုင်ငံ အလယ်ပိုင်းနဲ့ မြောက်ပိုင်းကို ဆက်သွယ်ထားတဲ့ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းက လူစီးအများဆုံးလမ်းပိုင်း ဖြစ်ပါတယ်။ ဒီခရီးစဉ်မှာ ရေလွှမ်းမိုးမှုနဲ့ တိုက်စားမှုကြောင့် ပျက်စီးသွားတဲ့ လမ်းပိုင်းနေရာကို ကားလမ်းနဲ့လောလောဆယ် အစားထိုးပြီး ဟိုဘက်ဒီဘက် ရထားလမ်းတွေကတစ်ဆင့် ဆက်သွယ်သွားလာနိုင်အောင် ဆောင်ရွက်နေတာကိုလည်း ကြိုဆိုမိပါတယ်။



ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို ရထားများဖြင့် ဆက်သွယ်ပို့ဆောင်နေကြစဉ်။

ဒါနဲ့ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန် ဦးဇော်မင်းဦးက **"မန္တလေး-မြစ်ကြီးနားလမ်းပိုင်းက လူစီးအများဆုံးလမ်းပိုင်းဖြစ်ပြီး မြန်မာပြည်မြောက်ပိုင်းက ပြည်သူတွေ အဓိကမှီခိုအားထားနေတဲ့ လမ်းပိုင်းလည်းဖြစ်တော့ ပြတ်တောက်လို့ မရပါဘူး။ ဒါကြောင့် ဖြစ်လျှင်ဖြစ်ချင်းပဲ ရထားရဲ့ သံလမ်းပိုင်းနဲ့ တံတားပိုင်းမှာ တာဝန်အရှိဆုံးဖြစ်တဲ့ အထွေထွေမန်နေဂျာ၊ မြို့ပြအင်ဂျင်နီယာဌာနကို ချက်ချင်းစေလွှတ်ပြီး ဆောင်ရွက်ပါတယ်။**

**နောက်ပြီး မန္တလေးမှာ အခြေစိုက်တဲ့ အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်)ကိုလည်း ဖြစ်ပွားရာနေရာဖြစ်တဲ့ ကောလင်းမှာ အခြေပြုပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ဒုတိယဝန်ကြီး ဦးမြင့်သိန်းနဲ့ မြန်မာ့မီးရထားက ဦးဆောင်ညွှန်ကြားရေးမှူးတို့ပါ ဖြစ်ပွားတဲ့နေရာတွေကို သွားပြီး ကြီးကြပ်ကွပ်ကဲနေပါတယ်။ အခုအချိန်မှာတော့ ရေလည်း ပြန်ကျသွားပြီး လမ်းပိုင်းတွေ ပြန်ဖွင့်နိုင်ဖို့ အပိုင်းကို ကြိုးစားပြီး ဆောင်ရွက်နေပါတယ်။**

**အဓိကက မန္တလေး-မြစ်ကြီးနား လမ်းပိုင်းမှာ မြစ်ကြီးနားကနေ ကောလင်းကို ရထားနဲ့ပို့မယ်။ မန္တလေးကနေ ကန့်ဘလူကို ရထားနဲ့ပို့မယ်။ ကြားထဲက ကန့်ဘလူနဲ့ ကောလင်းကို ကုန်းလမ်းပို့ဆောင်ရေးက ကားတွေနဲ့ ဆက်သွယ်ပို့ဆောင်ပေးပြီး ဆက်သွားလို့ရအောင် စီစဉ်နေပါတယ်။ ဒီနေ့မှာစဖို့ စီစဉ်ထားပေမယ့် တာပေါင်ရေတိုက်စားတာကြောင့် ဂါဒါဘောင်တိမ်းစောင်းမှုတွေ ရှိနေလို့ မြစ်ကြီးနား-ကောလင်းလမ်းပိုင်းက အစုန်၊အဆန် ခရီးစဉ်တွေကို ဒီနေ့ ညနေမှာ ယာယီဖျက်သိမ်းထားပါတယ်။ မိုးညှင်း-မြစ်ကြီးနား-မိုးညှင်း အထူးရထားနဲ့ မန္တလေး-ချပ်သင်း-မန္တလေးအထူးရထားတွေက ပြေးဆွဲနေပါတယ်"**

လို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက လတ်တလောဆောင်ရွက်ချက်တွေနဲ့ပတ်သက်ပြီး ရှင်းပြပါတယ်။

အရေးကြီးတဲ့ မန္တလေး-မြစ်ကြီးနား ခရီးစဉ်ပြတ်တောက်မှု မရှိစေဖို့ မန္တလေး-မြစ်ကြီးနား အဆန်ခရီးစဉ်မှာ လတ်တလော ရထားလမ်းပြတ်တောက်နေတဲ့ ကန့်ဘလူ- ကောလင်းကို ဆက်သွယ်ဖို့ ကုန်းလမ်းပို့ဆောင်ရေးက မော်တော်ယာဉ်ငါးစီးနဲ့ ခရီးသည်တစ်ဦးကို ကျပ် ၁၀၀၀ နှုန်းထားနဲ့ ချိတ်ဆက်ကူးပြောင်း ပို့ဆောင် ပေးဖို့ စီစဉ်ထားတယ်လို့ ယမန်နေ့က ရထားပို့ဆောင်ရေးက သတင်းထုတ်ပြန်ခဲ့ပါတယ်။

နောက်ဆုံးသိရတဲ့သတင်းက မော်လူး-နန့်စီးအောင်ကြားမှာ ရေတိုက်စားတာတွေရှိနေတဲ့အတွက် ရထားသွားလာဖို့ မဖြစ်နိုင်သေးလို့ မြစ်ကြီးနား-ကောလင်း ခရီးစဉ် အစုန်၊ အဆန်ရထားတွေကို ယာယီဖျက်သိမ်းထားတယ်လို့ မြန်မာ့မီးရထားကနေ ဇူလိုင် ၂၄ ရက် ညနေ ၄ နာရီက သိရပါတယ်။ မိုးညှင်း-မြစ်ကြီးနား-မိုးညှင်းနဲ့ မန္တလေး-ချပ်သင်း-မန္တလေး လမ်းပိုင်းမှာ အထူးရထားတွေ ပြေးဆွဲနေတယ်လို့လည်း သိရပါတယ်။

တစ်နေရာကတစ်နေရာ လူနဲ့ ကုန်စည်တွေ အဆက်မပြတ် စီးဆင်းဖို့၊ ကူးသန်းသွားလာလုပ်ဖို့မှာ လမ်းပန်းဆက်သွယ်ရေးက အရေးကြီးပါတယ်။ ပို့ဆောင်ရေးလုပ်ငန်းတွေ အဖုအထစ်ဖြစ်တာနဲ့ နေ့စဉ်သုံးနေရတဲ့ စားသုံးကုန်၊ လူသုံးကုန်တွေ ပြတ်တောက်သွားနိုင်ပြီး မလိုလားအပ်တဲ့ ကုန်စည်ဈေးနှုန်း မြင့်တက်မှုတွေ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် မြန်မာ့မီးရထား၊ ကုန်းလမ်းပို့ဆောင်ရေးနဲ့ အခြားဌာနဆိုင်ရာအဖွဲ့အစည်းတွေ ပူးပေါင်းပါဝင်အားနဲ့ ဒေသကုန်စည်စီးဆင်းမှုတွေ မပြတ်အောင် ဆက်လက်ဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ ပို့ဆောင်ဆက်သွယ်ရေးတွေ သွက်လက်မြန်ဆန်နေဖို့ ပျက်စီးချွတ်ယွင်းတဲ့လမ်းပိုင်းတွေကို အမြန်ဆုံးပြုပြင်ရင်း မြန်မာနိုင်ငံရဲ့ ကျောရိုးလမ်းမကြီးတွေ အမြန်ဆုံးသက်ဝင်လှုပ်ရှားနိုင်ပါစေလို့ ဆန္ဒပြုမိပါတယ်။ **ရထား. . ရထား. . . ဆက်သွားနေမယ်ဆိုတာ ယုံကြည်ကြောင်းပါ။ ॥**

## မြစ်ရေအခြေအနေအချက်အလက် (ခန့်မှန်းချက်)များ

**နေပြည်တော် ဇူလိုင် ၂၄**

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်သာမြစ်တို့၏ ဇူလိုင် ၂၄ ရက်မှ ၂၆ ရက်အထိ ဖြစ်ပေါ်နိုင်သော မြစ်ရေအခြေအနေအချက်အလက် (ခန့်မှန်းချက်)များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြစ် | စခန်းအမည် | (၀၆း၀၀)နာရီရှိ မြစ်ရေမှတ် (စင်တီမီတာ) (၂၄-၇-၂၀၁၅) | (၀၆း၃၀)နာရီရှိ ခန့်မှန်းချက် (စင်တီမီတာ) (၂၅-၇-၂၀၁၅) | (၀၆း၃၀)နာရီရှိ ခန့်မှန်းချက် (စင်တီမီတာ) (၂၆-၇-၂၀၁၅) |
|---|---|---|---|---|---|
| ၁။ | ဧရာဝတီမြစ် | ကသာ | ၇၂၁ | ၇၇၁ | ၈၈၁ |
| | | စစ်ကိုင်း | ၉၆၂ | ၉၄၇ | ၉၂၉ |
| ၂။ | ချင်းတွင်း | ခန္တီး | ၆၇၆ | ၇၇၆ | ၈၃၆ |
| | | ဟုမ္မလင်း | ၂၅၈၃ | ၂၆၃၃ | ၂၇၁၃ |
| | | မော်လိုက် | ၉၄၆ | ၉၇၁ | ၁၀၆၁ |
| | | ကလေးဝ | ၁၂၇၄ | ၁၂၈၉ | ၁၃၆၉ |
| | | မုံရွာ | ၈၆၁ | ၈၆၆ | ၈၇၆ |
| ၃။ | မြစ်သာ | ကလေးဝ | ၁၂၅၉ | ၁၂၇၄ | ၁၃၅၄ |

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြေကြီးနှင့် မြေပုံအစဉ်အမြဲမှန်ကန်စေရန် ဒစ်ဂျစ်တယ်မြေပုံများ တိုင်းတာထုတ်လုပ်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင်၏ **မဲစာရင်းများကပ်၍ ပြည်သူများလာရောက်ကြည့်ရှုကြစေရန် ယခုထက်ပို၍ နှိုးဆော်တိုက်တွန်းမှုများရှိ၊ မရှိ၊ မြန်မာနိုင်ငံသားတစ်ယောက်သည် အကြောင်းတစ်ခုခုကြောင့် မဲပေးရန် အခွင့်အရေးဆုံးရှုံးသည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ငြိစွန်းခြင်းရှိ၊ မရှိ၊ ၂၀၁၀ ရွေးကောက်ပွဲကျင်းပစဉ်က မဲပေးပိုင်ခွင့်နှင့် ယခု ၂၀၁၅ ရွေးကောက်ပွဲ၏ မဲပေးပိုင်ခွင့် ကွဲလွဲချက်များကိုသိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ထုတ်ပြန်ခဲ့သော အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်မှစ၍ မဲစာရင်းမှန်ကန်ရေး၊ မဲစာရင်းတွင်ပါဝင်ရေး၊ မဲစာရင်းပြုစုပုံတို့ကို ဖော်ပြခဲ့ပါကြောင်း၊ မဲစာရင်းကို သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးကပြုစုပြီး အခြေခံမဲစာရင်းများကိုကပ်၍ ကြေညာပေးခဲ့ပါကြောင်း၊ မဲစာရင်းများကိုကြည့်ရှုရန် မဲစာရင်းတွင် ပါဝင်ခြင်းမရှိပါက ပုံစံ(၃)ဖြင့် တောင်းဆိုရန်၊ ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ရန်၊ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့်ပြင်ဆင်ရန် နှိုးဆော်ခဲ့ပါကြောင်း၊ ယနေ့ထက်တိုင်လည်း နိုင်ငံပိုင်သတင်းစာများနှင့် ရုပ်သံလိုင်းအစီအစဉ်များတွင် နှိုးဆော်ပေးလျက်ရှိပါကြောင်း။

မဲဆန္ဒရှင်တစ်ဦးသည် မဲစာရင်းကိုလာရောက်ကြည့်ရှုပြီး အမှားအယွင်းချို့ယွင်းချက်များရှိပါက ပုံစံ(၃)တောင်းဆိုလွှာ၊ ပုံစံ(၄)ကန့်ကွက်လွှာ၊ ပုံစံ(၄-က) ပြင်ဆင်လွှာတို့ကို တင်ပြလျှောက်ထားနိုင်ပါကြောင်း၊ မဲစာရင်းတွင် အမှားအယွင်းချွတ်ချော်ချက် တစ်စုံတစ်ရာပါနေသော်လည်း လွှတ်တော်ရွေးကောက်ပွဲများနည်းဥပဒေ ၅၀(က)အရ ထိုသူသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမှန်ဖြစ်ကြောင်း တာဝန်ခံ၍ ပြောဆိုလာပါက ပြင်ဆင်ရေးမှတ်၍ ဆန္ဒမဲပေးပိုင်ခွင့်ပြုရမည်ဟု ပြဋ္ဌာန်းထားသဖြင့် မဲပေးပိုင်ခွင့် လုံးဝဆုံးရှုံးသွားရန် အကြောင်းမရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁(က)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးခွင့်ရှိပါကြောင်း၊ လွှတ်တော်ရွေးကောက်ပွဲများ ဥပဒေပုဒ်မ ၆ တွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူသာ ဆန္ဒမဲပေးခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည့်အတွက် အခွင့်အရေးနှင့် တာဝန်ကိုနားလည်ပြီး ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပါကဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့် အခွင့်



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်။



မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင်။

အရေးဆုံးရှုံးနိုင်မည့်အကြောင်း မရှိပါကြောင်း။

၂၀၁၀ ရွေးကောက်ပွဲကျင်းပစဉ်က ဆန္ဒမဲပေးနိုင်ခွင့်ပုံစံနှင့် ယခု ၂၀၁၅ ရွေးကောက်ပွဲ၏ ဆန္ဒမဲပေးပိုင်ခွင့်ပုံစံ ကွဲလွဲချက်များအနက် ယခင်က ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများ မဲပေးခွင့်ရှိသော်လည်း ယခုမရှိတော့ပါကြောင်း၊ ယခင်က ကြိုတင်ဆန္ဒမဲပေးသူများစာရင်းကို တိတိကျကျမှတ်တမ်းတင်ထားခြင်းမရှိသော်လည်း ယခုမဲဆန္ဒနယ်ပြင်ပရောက်(ပြည်တွင်း) ကြိုတင်ဆန္ဒမဲပေးသူများစာရင်းပုံစံ(၁-၁)၊ မဲဆန္ဒနယ် ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေမိသားစုများ၏ ကြိုတင်ဆန္ဒမဲပေးသူများစာရင်းပုံစံ (၁-၂)၊ မဲဆန္ဒနယ်ပြင်ပရောက်(ပြည်ပ) ကြိုတင်ဆန္ဒမဲပေးသူများစာရင်းပုံစံ (၁-၃)တို့ဖြင့် စာရင်းများပြုစု၍ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားပါကြောင်း၊ ယခင်က ဆန္ဒမဲပေးပြီးသူဖြစ်ကြောင်း သီးခြားအမှတ်အသားပြုထားခြင်းမရှိသော်လည်း ယခုဆန္ဒမဲပေးပြီးပါက ဆန္ဒမဲပေးပြီးကြောင်း သတ်မှတ်ထားသောလက်၏လက်ချောင်းပေါ်တွင် မင်တို့သည့်စနစ်ကျင့်သုံး၍ မဲဆန္ဒရှင်တစ်ဦးတည်း နှစ်ကြိမ်ထပ်၍ ဆန္ဒမဲပေးခြင်းမပြုနိုင်ပါကြောင်း၊ ယခင်က ကြိုတင်ပြီး အခြေခံမဲစာရင်းပြုစုခြင်းမရှိသော်လည်း ယခု ပြည့်စုံမှန်ကန်သော မဲစာရင်းဖြစ်ရေးအတွက် ကြိုတင်၍ အခြေခံမဲစာရင်းပြုစုပါကြောင်း၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများဆိုင်ရာ ကျင့်ဝတ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ကျင့်ဝတ်များကို ယခင်က ထုတ်ပြန်ထားခြင်းမရှိသော်လည်း ယခု ရှိပါကြောင်း၊ ပြည်ပမှ စောင့်ကြည့်လေ့လာသူများကျင့်ဝတ်ကို ယခင်က တိတိကျကျ ထုတ်ပြန်ပေးခဲ့ခြင်းမရှိသော်လည်း ယခု ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **ကျေးလက်ဒေသများရှိ လယ်ယာမြေ၊ ဥယျာဉ်ခြံမြေများ၏ ဦးပိုင်မြေများကို မြေစာရင်းဌာနမှတိုင်းတာခြင်း၊ မှတ်တမ်းထားရှိခြင်းတို့တွင် တိကျမှုမရှိခြင်းများကို တွေ့ရပါသဖြင့် မြေစာရင်းဦးစီးဌာနအနေဖြင့် ရေရှည်စနစ်တကျ ထိန်းသိမ်းနိုင်သော အစီအစဉ်များရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေကြီး၊ မြေပုံမှန်ကန်ရေးအတွက် စက္ကူမြေပုံစနစ်မှ ဒစ်ဂျစ်တယ်မြေပုံစနစ်သို့ ကူးပြောင်းနိုင်ရေး စီမံချက်ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ကွင်းပေါင်း ၂၃၇၇ ကွင်းနှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၄၀၂၇ ကွင်းတိုင်းတာနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကွင်းပေါင်း ၇၆၀၀အထိ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တိုးတက်တိုင်းတာသွားရန် စီစဉ်ထားပါကြောင်း။

နိုင်ငံတော်၏ မြေယာဆိုင်ရာမူဝါဒများ ချမှတ်ရာတွင်လည်းကောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ ပြည်သူလူထု၏ စားနပ်ရိက္ခာဖူလုံမှုနှင့် နေထိုင်မှုဆိုင်ရာ အခက်အခဲများကို ဖြေရှင်းပေးရာတွင် လည်းကောင်း၊ အခြေခံလိုအပ်ချက်ဖြစ်သည့် မြေအသုံးချမှုဆိုင်ရာ စာရင်းအင်းအချက်အလက်များ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်စေရန်အတွက် အခြေခံဖြစ်သော ကွင်းမြေပုံများ မြေကြီးနှင့် မြေပုံအစဉ်အမြဲမှန်ကန်စေရန် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် ဒစ်ဂျစ်တယ်မြေပုံများ တိုင်းတာထုတ်လုပ်အသုံးပြုနိုင်ရေးလုပ်ငန်းကို ဘဏ္ဍာရေးနှစ်အလိုက် စီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တင်သွင်းသည့် **ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ယနေ့ အစည်းအဝေးတွင် လယ်ယာကဏ္ဍ၊ လမ်းတံတားကဏ္ဍ၊ ခရီးသွားလုပ်ငန်းနှင့် ရွေးကောက်ပွဲဆိုင်ရာမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ရန်ကုန်မြို့ ကျိုက္ကဆံကွင်းအနောက်ဘက်ခြမ်းရှိ ဟတ်တိုင်နေရာကို လူအများသွားလာသည့် နေရာတစ်ခုသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် မရှိ

**နေပြည်တော် ဇူလိုင် ၂၄**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၃) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်၏ **"ရန်ကုန်မြို့ ကျိုက္ကဆံကွင်း အနောက်ဘက်ခြမ်းရှိ ဟတ်တိုင်နေရာကို လူအများသွားလာသည့်နေရာတစ်ခုသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ၊မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်များကို ဥပဒေနှင့်အညီ ဆန္ဒဖော်ထုတ်နိုင်ရန်အတွက် တာမွေမြို့နယ် ကျိုက္ကဆံကွင်းအတွင်း နေရာသတ်မှတ်ပေးထားပြီး ဖြစ်ပါကြောင်း၊ တာမွေမြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အချက်အချာကျပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူကာ ရန်ကုန်မြို့၏ အလယ်ဗဟိုတွင် တည်ရှိသော မြို့နယ်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေ့စဉ်ဆန္ဒဖော်ထုတ်မှုများရှိပြီး ယခင်ဟတ်တိုင်ကွင်းမရှိမီက ဆူးလေဘုရားအနီး မဟာဗန္ဓုလပန်းခြံနှင့် အဆင်ပြေသည့်နေရာများတွင် ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်သဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ အများဆုံးဖြစ်ပွားပြီး အများပြည်သူစိတ်အနှောင့်အယှက် ဖြစ်ပွားရပါကြောင်း။

ရန်ကုန်မြို့၏ အချက်အချာကျပြီး သွားလာရေးအဆင်ပြေသည့် တာမွေမြို့နယ်ရှိ ကျိုက္ကဆံကွင်းတွင် အလျား ပေ ၃၄၀၊ အနံ ၁၅၅ ပေ အကျယ်အဝန်းရှိသည့်ကွင်းတွင် ဟတ်တိုင်အဖြစ် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ဟတ်တိုင်ကွင်းအတွင်း ဟောပြောစင်ပြုလုပ်ပေးခြင်း၊ လျှပ်စစ်မီးသွယ်တန်းပေးခြင်း၊ ရေရရှိရေး ဆောင်ရွက်ပေးခြင်းတို့ကို စီမံဆောင်ရွက်ပေးထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါဟတ်တိုင်ကွင်းသည် အများပြည်သူသွားလာရန် လွယ်ကူသည့်နေရာတွင် ခွင့်ပြုပေးထားခြင်းဖြစ်ပြီး ခွင့်ပြုချက်ဖြင့် စီတန်းလမ်းလျှောက်လိုသူများအတွက်လည်း ဗိုလ်စိန်မှန်ကွင်းတွင် စုရပ်လုပ်ပြီး ဟတ်တိုင်ကွင်းသို့ စီတန်းလမ်းလျှောက်ပါက တစ်မိုင်ခန့်သာဝေး၍ ယာဉ်ကြောပိတ်ဆို့မှု မရှိခြင်းနှင့် အများပြည်သူ စိတ်အနှောင့်အယှက် မဖြစ်စေရေးအတွက် ဟတ်တိုင်ကွင်းတွင် ဥပဒေနှင့်အညီ ဆန္ဒဖော်ထုတ်နိုင်ရန် ခွင့်ပြုပေးထားခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါဟတ်တိုင်ကွင်းအား အခြားတစ်နေရာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် မရှိပါကြောင်းနှင့် ဟတ်တိုင်ကွင်းအား ကာရံထားသည့် အုတ်တံတိုင်းသည် လုံခြုံရေးအရ ကာရံထားသော အုတ်တံတိုင်းသာဖြစ်သောကြောင့် ဖြိုချပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် တစ်လင်၊တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်က ဆွေးနွေးသည်။

ယင်းနောက် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ကျော်ဦးလွင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မော်တော်ယာဉ်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်



တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ကျော်ဦးလွင်။

လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦးက ထောက်ခံပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် သင့်၊မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူကာ အတည်ပြုသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုးက ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်



အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ။

အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ၏ လောက်ကိုင်ဒေသတွင် နိုင်ငံအတွက် အသက်ပေးဆက်ခဲ့သူများ၊ ဒဏ်ရာရစစ်သည်များနှင့် ကြက်ခြေနီမောင်မယ်များအတွက် ဂုဏ်ပြုထောက်ပံ့ပေးအပ်ခြင်း၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ကုသပေးခြင်းနှင့်

**စာမျက်နှာ ၈ သို့**



တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီမှုစာချုပ်မူကြမ်းအတွက် (၈)ကြိမ်မြောက် ညှိနှိုင်းဆွေးနွေးပွဲ တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

အစည်းအဝေးပြုလုပ်ခဲ့သည့် ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်တာကာလအတွင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီမှုစာချုပ်မူကြမ်း(NCA) အတွက် (၈)ကြိမ်မြောက် တရားဝင်ညှိနှိုင်းဆွေးနွေးကြရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)မှ တောင်းဆိုထားသည့် အချက် လေးချက်အား ဆွေးနွေးကြခြင်းဖြစ်သည်။

ပထမနေ့နှင့် ဒုတိယနေ့ ဆွေးနွေးပွဲတွင် လော်ခီးလာအစည်းအဝေးမှ ပြင်ဆင်သည့် NCA စာချုပ်(မူကြမ်း)ပါ အချက်(၁၃)ချက်ကို ဆွေးနွေးနိုင်ခဲ့သည်။

တတိယနေ့အစည်းအဝေးတွင် UPWC နှင့် SD တို့၏ NCA ဆွေးနွေးပွဲတွင် NCA စာချုပ် လက်မှတ်ရေးထိုးရာတွင် ပါဝင်ရမည့် အသိသက်သေများနှင့် ပါဝင်လက်မှတ်ရေးထိုးကြမည့်သူများ ကိစ္စ၊ NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးကြမည့် တိုင်းရင်းသားအဖွဲ့များ စာရင်းကိစ္စနှင့် အထွေထွေကိစ္စရပ်များကို ဆက်လက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲကို မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေးအပြီးတွင် UPWC ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ(UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)တို့၏ အချက်လေးချက်ပါသည့် ပူးတွဲသတင်းထုတ်ပြန်ချက်ကို ဖတ်ကြားခဲ့သည်။

ယင်းနောက် UPWC ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ယနေ့ကျင်းပသည့် အစည်းအဝေးသည် SD အဖွဲ့နှင့် UPWC တို့၏ တတိယနေ့နှင့် နောက်ဆုံးအစည်းအဝေး ဖြစ်ပါကြောင်း၊ နှစ်ဖက်စာချုပ်နှင့်ပတ်သက်သည့် အချက်များအပေါ် အချောသတ်နိုင်ခဲ့ပါကြောင်း၊ ကျန်ရှိသည့် အချက်တစ်ချက်၊ နှစ်ချက်အား တိုင်းရင်းသားခေါင်းဆောင်များထံမှ မူဝါဒများ ရယူပြင်ဆင်ပြီး နောက်တစ်ကြိမ်အစည်းအဝေး ထပ်မံပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးကဲ့သို့ အောင်မြင်စွာဆောင်ရွက်နိုင်အောင် တိုင်းရင်းသားခေါင်းဆောင်များဘက်က ဆောင်ရွက်ပေးရန်အတွက် မိမိအနေဖြင့် တင်ပြပါကြောင်း၊ ထိုအစည်းအဝေးသည် NCA စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် နောက်ဆုံးအပြီးသတ် ဆောင်ရွက်သည့် အစည်းအဝေးဖြစ်စေလိုသော ဆန္ဒ မိမိတို့ထံတွင်ရှိနေကြပါကြောင်းဖြင့် ပြောကြားသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)၏ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ပဒိုနော်စီဖိုးရာစိန်က NCA နှင့်ပတ်သက်ပြီး သုံးရက်အတွင်း အချက်(၁၃)ချက် အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့ခြင်းအတွက် ကျေးဇူးတင်ပါကြောင်း၊ အထက်သို့ ပြန်လည်တင်ပြရမည့် အချက်များအား နောက်လာမည့် အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ နောက်ပြုလုပ်မည့် အစည်းအဝေးတွင် NCA ကို အချောသတ်နိုင်ရန် အားလုံးပါဝင် ကြိုးစားမည်ဖြစ်သကဲ့သို့ UPWC၊ တပ်မတော်၊ အစိုးရဘက်မှလည်း ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ NCA စာချုပ်ချုပ်ဆိုနိုင်ရေးသည် အားလုံးတွင် တာဝန်ရှိပြီး ပူးပေါင်းဆောင်ရွက်မှသာ စာချုပ်ကို ချုပ်ဆိုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ SD ဘက်မှ တင်ပြခဲ့သည့်ကိစ္စရပ်များအပေါ် တညီတညွတ်တည်း လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သည့် UPWC နှင့် SD တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အတွက် (၈)ကြိမ်မြောက် ပြုလုပ်သော ဆွေးနွေးပွဲအပြီးတွင် MPCမှ အထူးအကြံပေး ဦးလှမောင်ရွှေ၊ SD မှ ဒုတိယအဖွဲ့ခေါင်းဆောင်(၂) ဖြစ်သူ ပူးဇင်ကျုံးနှင့် အဖွဲ့ဝင်ဖြစ်သူ ပဒိုစောကွယ်ထူးဝင်းတို့က သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့

# ပူးတွဲသတင်းထုတ်ပြန်ချက်

**၂၀၁၅၊ ဇူလိုင်လ (၂၄) ရက်**
**ရန်ကုန်မြို့**

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ ကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲနိုင်ရေးအတွက် သဘောတူစာချုပ်မူကြမ်း (၈)ကြိမ်မြောက် ညှိနှိုင်းဆွေးနွေးခြင်းကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ(၂၂)ရက်နေ့မှ(၂၄) ရက်နေ့ထိ ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနတွင် ပြုလုပ်ခဲ့ပါသည်။

၂။ နှစ်ဖက်ကိုယ်စားလှယ်များသည် ၂၀၁၅ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် UPWC နှင့် NCCT ကိုယ်စားလှယ်များအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(အတည်ပြုမူကြမ်း)အပေါ် လော်ခီးလာညီလာခံမှ ပြန်လည်အဆိုပြုလာသည့် အချက်(၁၃) ချက်အားအခြေခံလျက် သဘောတူစာချုပ်(အတည်ပြုမူကြမ်း)ကို အချောသတ်သည့် ဆွေးနွေးညှိနှိုင်းခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

၃။ နောက်တစ်ကြိမ်ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဩဂုတ်လပထမပတ်တွင် ကျင်းပရန် နှစ်ဖက်ကိုယ်စားလှယ်များသဘောတူကြပါသည်။ ၎င်းညှိနှိုင်းဆွေးနွေးပွဲတွင် စာချုပ်(အတည်ပြုမူကြမ်း) အချောသတ်ခြင်းအပြီး ဆောင်ရွက်နိုင်ရန် နှစ်ဖက်ကိုယ်စားလှယ်များ ကြိုးပမ်းဆောင်ရွက်ကြရန် သဘောတူကြပါသည်။

၄။ ဤညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် နှစ်ဖက်ကိုယ်စားလှယ်များသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(အတည်ပြုမူကြမ်း) အမြန်ဆုံးချုပ်ဆိုနိုင်ရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို အမြန်ဆုံးကျင်းပကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

❂ စာမျက်နှာ ၇ မှ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်(တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း) မြို့နယ်များအတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကူညီဆောင်ရွက်မှုများနှင့် အထွေထွေလှူဒါန်းခြင်းအစီရင်ခံစာ (၇/၂၀၁၅)ကို အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီတွဲဖက်အတွင်းရေးမှူး၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူက အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းနှစ်ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း(၄)ခုကို ဆွေးနွေးဖတ်ကြားခြင်း၊ အစီရင်ခံစာ(၂)ခုတို့ကို ဖတ်ကြားတင်သွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(သတင်းစဉ်)**

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၅)ထုတ်ဝေဖြန့်ချိ




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က နှစ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ကို စတင်ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုထုတ်ဝေဖြန့်ချိသည့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် ၂၀၁၄ ခုနှစ်အတွင်း ကမ္ဘာနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ထူးခြားထင်ရှားသည့် အကြောင်းအရာများကို စွယ်စုံနှစ်ချုပ်၏ မူအတိုင်း သုံးပိုင်းခွဲခြားကာ စီစဉ်တင်ပြထားသည်။

အပိုင်း(၁)တွင် ကမ္ဘာနှင့်မြန်မာနိုင်ငံအတွင်း အကြောင်းအရာများကို ရက်စွဲမှတ်တမ်းအဖြစ် ပြုစုဖော်ပြထားသည်။

အပိုင်း(၂)တွင် ကမ္ဘာနှင့် မြန်မာ့ရုပ်မြင်သံကြားဖြစ်ပေါ်တိုးတက်ပြောင်းလဲလာခြင်း၊ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် ပျူရှေးဟောင်းမြို့တော်များနှင့် ပျူခေတ်ယဉ်ကျေးမှု၊ ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌမြန်မာနိုင်ငံ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ ဆယ့်ငါးနှစ်ခရီး၊ မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုများ၊ အလောင်းမင်းတရားကြီး၏ ရာဇသံရွှေပေလွှာစသည့် အကြောင်းအရာများကို အထူးဆောင်းပါးကြီးများအဖြစ် သက်ဆိုင်ရာဘာသာရပ် ကျွမ်းကျင်ပညာရှင်များ ပြုစုရေးသားထားသည့် ဆောင်းပါးများပါဝင်သည်။

အပိုင်း(၃)တွင် ပြည်တွင်းပြည်ပမှ ကွယ်လွန်သူထင်ရှားသော ပုဂ္ဂိုလ်များ၊ ကမ္ဘာ့နိုင်ငံများ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆောင်ရွက်ချက်များ၊ ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ချက်များ၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည့် ဥပဒေများ၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း၊ မြန်မာ့မီဒီယာလောက၊ သတင်းလွတ်လပ်ခွင့်နှင့် မြန်မာ့မီဒီယာ၊ အီဘိုလာဗိုင်းရပ်စ် စသည့် မှတ်တမ်းဆောင်းပါးများအပါအဝင် ၂၀၁၄ ခုနှစ်အတွင်း မှတ်တမ်းပြုဖော်ပြအပ်သည့် အကြောင်းအရာများ၊ ထူးခြားထင်ရှားဖြစ်ရပ်များကို ဖတ်၊ မှတ်၊ စု လိုသူများ၏ စာအုပ်စင်တိုင်းတွင် ထားရှိအပ်သော စာအုပ်အဖြစ် စွယ်စုံနှစ်ချုပ်၏ အစဉ်အလာအတိုင်း ကတ်ထူဖုံး၊ ခန့်ချုပ် Art paper မှတ်တမ်းဓာတ်ပုံများအပါအဝင် စာမျက်နှာ ၄၈၂ မျက်နှာ ငွေကျပ် ၄၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ စာအုပ်ကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးရှိ စာပေဗိမာန်စာအုပ်ဆိုင်များ၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်ကြီးများထံတွင်လည်း ဝယ်ယူရရှိနိုင်သည်။ **(ကြေးမုံ)**

✻ အင်းတော်မှ

အခုရေကျတာကနေ့တော့ မွန်းလွဲ ၁ နာရီ ကျော်ကျော်လောက်မှ ရေကျတာ”ဟု အင်းတော်မြို့ခံတစ်ဦးက ပြောပြခဲ့သည်။

အင်းတော်မြို့နယ်အတွင်း မိုးများမှုကြောင့် ဇူလိုင် ၁၉ ရက်ခန့်မှ စတင်၍ မဲဇာဒေသဖြစ်သော ဂျုံးဂျုံးဂျ၊ သက္ကယ်ကျင်း၊ ထန်းတော၊ မဲဇာ၊ ကျောက်အိုး၊ သောင်မြင်း၊ ကွင်းချောင်း၊ ပိန္နဲကုန်း ကျေးရွာများသို့ ရေဝင်ရောက်ခဲ့သည်။ ထို့နောက် မန်လည်၊ ဆိပ်သာ၊ ကျွဲကူး၊ ရွှေငှက်၊ ဝါးဖြူတောင်၊ တံခွန်တိုင်၊ ညောင်ပင်သာ၊ မော်လူးဒေသ၊ မော်တိတ်ဒေသများသို့ တောင်ကျချောင်းရေများ စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

“ဒီနှစ်က မဲဇာဒေသ ဂျုံးဂျုံးဂျ ကျေးရွာဘက်မှာ ရေအရင်ဝင်တယ်။ အဲဒီဘက်မှာရေဝင်တော့ သတိထားရတယ်။ ကျွန်တော်တို့ မဲဇာဒေသအပြင် အောက်ပိုင်းဒေသ ကောလင်း၊ ကန့်ဘလူ၊ ကျွန်းလှဘက်မှာ ရေများတယ်။ ရေဝင်တယ်ဆိုတော့ ပိုပြီးသတိထားရတယ်လေ။ မိုးကမပြတ်ရွာနေတာ။ မနက်က အင်းတော်မြို့ထဲ ရေမတက်ခင် မော်လူးမှာ ရေဝင်နေပြီဆိုတဲ့သတင်းကြားရတယ်။ မနှစ်က ရေဝင်တာမြန်တဲ့အတွက် ပစ္စည်းတွေ ဘာမှမသိမ်းလိုက်နိုင်ဘူး။ ဆုံးရှုံးမှုက ပိုများတယ်။ အဲဒါကြောင့် ဒီနှစ်တော့ ရေအမြင့်ကို မှန်းပြီးတော့ ပစ္စည်းတွေကို ရေလွတ်ရာကိုကြိုပြီး ရွှေ့ထားလိုက်တယ်။ အဲဒါကြောင့် ဒီနှစ် အပျက်အစီး သိပ်မရှိလိုက်ဘူး။ ဒီနှစ် ရေတက်တာက မနှစ်ကထက်ကိုနှေးတယ်။ ၁၀ နာရီလောက်စတက်တယ်။ ဖြည်းဖြည်းတက်လာတာ။ ကျန်တဲ့ပစ္စည်းတွေလည်း သိမ်းချိန်ရလိုက်တယ်။ မြို့ပေါ်မှာရှိတဲ့ လူတွေအကုန်လုံးသတိရှိနေကြတယ်။ ရေဘယ်တော့ တက်လာမလဲ ဆိုပြီးတော့ စောင့်နေကြတာ။ မိုးလင်းမှဆိုတော့ သိပ်ပြီး အထိအခိုက်မရှိပါဘူး”ဟု ဈေးသည်တစ်ဦးက ပြောပြခဲ့သည်။

“ချောင်းရေစတက်လာပြီဆိုကတည်းက ကျွန်တော်တို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့၊ အထောက်အကူပြုအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေအားလုံးအသင့်ရှိနေကြပါတယ်။ အိမ်တွေကို လိုက်ပြီးတော့ အကူအညီပေးပါတယ်။ ရေကျသွားတော့လည်း ရှင်းလင်းရေးလုပ်ငန်းတွေကို ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပါတယ်”ဟု မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်က ပြောပြခဲ့သည်။ **(ကျော်သီဟ)**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုပိုမိုတိုးမြှင့်ရေးဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E.Mr.Thierry MATHOU အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်အကြီးအကဲများ၏ ခရီးစဉ်များ၊ လေ့ကျင့်ရေးသင်တန်းကိစ္စရပ်များ၊ စစ်သံမှူးထားရှိရေးကိစ္စရပ်များအပါအဝင် လုပ်ဆောင်နိုင်သည့် နယ်ပယ်များတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှု ပိုမိုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် လာမည့်အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်၏ အခန်းကဏ္ဍဆိုင်ရာများကို အပြန်အလှန် ဆွေးနွေးကြသည်။

**(မြဝတီ)**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)အပြီးသတ်နိုင်ရေး လာမည့် ဩဂုတ်ပထမပတ်တွင် ဆက်လက်ဆွေးနွေးမည်

**သတင်း - ရဲခေါင်ညွန့်**
**မြတ်သန္တာမောင်**
**ဓာတ်ပုံ - ဖိုးထောင်**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အတွက် (၈)ကြိမ်မြောက် အစည်းအဝေး၏ တတိယနေ့ အစည်းအဝေးအဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) တို့သည် ဇူလိုင် ၂၄ ရက်က ရန်ကုန်မြို့ ရွှေလီလမ်းရှိ MPCတွင် ဆက်လက်ပြုလုပ်ခဲ့သည်။

နှစ်ဖက်အဖွဲ့များ၏ သုံးရက်တာပြုလုပ်သည့်ဆွေးနွေးပွဲများအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD) တို့ ညှိနှိုင်းဆွေးနွေးခဲ့ကြသည့် အစီအစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ၂၀၁၅ ခုနှစ် ဇွန်လအတွင်းက ပြုလုပ်ခဲ့သည့် လော်ခီးလာထိပ်သီးညီလာခံမှ ပြင်ဆင်သည့် NCA စာချုပ် (မူကြမ်း)ပါ အချက်(၁၃)ချက်၊

(၂) တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်တွင် လက်မှတ်ရေးထိုးမည့်ပုဂ္ဂိုလ်များ၊

(၃) နိုင်ငံတကာနှင့် ပြည်တွင်းအသိသက်သေများ၊

(၄) အားလုံးပါဝင်သည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တို့ဖြစ်သည်။

အဆိုပါဆွေးနွေးခဲ့သည့် အချက်များအနက် လော်ခီးလာထိပ်သီးညီလာခံမှပြင်ဆင်သည့် NCA စာချုပ် (မူကြမ်း)ပါအချက် (၁၃)ချက်အား သဘောတူညီမှုရရှိခဲ့ပြီး နှစ်ဖက်အဖွဲ့၏ ကြေညာချက်တစ်စောင် ထုတ်ပြန်နိုင်ခဲ့သည်။ ဆွေးနွေးထားရှိခဲ့သည့် နံပါတ် (၂)၊ (၃)၊ (၄) တို့အား နှစ်ဖက်ခေါင်းဆောင် အသီးသီးထံ တင်ပြ၍ NCA နောက်ဆုံးအချောသပ် စာချုပ်ချုပ်ဆိုသွားနိုင်ရေး အတွက် လာမည့်ဩဂုတ်လပထမပတ်တွင် MPC ၌ပင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

ဇူလိုင် ၂၄ ရက်အထိ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အတွက် WPWC နှင့် SD တို့၏ဆွေးနွေးပွဲအပြီး ဆွေးနွေးပွဲ၏ နောက်ဆုံးရလဒ်များနှင့် ပတ်သက်၍ နှစ်ဖက်ခေါင်းဆောင်များ၏ ပြောကြားမှုများကို ဖော်ပြအပ်ပါသည်-



ဦးလှမောင်ရွှေ။



ပူးဇင်ကျိုး။



ပဒိုစောကွယ်ထူးဝင်း။

**ဦးလှမောင်ရွှေ**
**MPC အထူးအကြံပေး**

ဒီနေ့မှာတော့ (၈)ကြိမ်မြောက် အစည်းအဝေးအစီအစဉ်ရဲ့ ကျန်ရှိနေတဲ့ အစီအစဉ် (၃) ခုဖြစ်တဲ့ လက်မှတ်ရေးထိုးမယ့် သက်သေအဖွဲ့အစည်းများ၊ တိုင်းရင်းသားတွေဘက်က လက်မှတ် ရေးထိုးမယ့်သူတွေနဲ့ အထွေထွေဆိုပြီး ဆွေးနွေးပါတယ်။ ဆွေးနွေးပွဲ ပြီးတဲ့အချိန်မှာ ကြေညာချက်တစ်ခုကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။ ကြေညာချက်က နှစ်ဖက်ခေါင်းဆောင် အသီးသီးကို ပြန်လည်ညှိနှိုင်းပြီးရင် ဩဂုတ်ပထမပတ်မှာ ရန်ကုန်မှာရှိတဲ့ မြန်မာငြိမ်းချမ်းရေး စင်တာမှာပဲ အချောသပ်ကို ပြန်ပြီးတော့ နောက်ဆုံးဆောင်ရွက်နိုင်ဖို့ ဆိုတဲ့ဟာကို နှစ်ဖက်ခေါင်းဆောင်တွေက ဒီနေ့ သဘောတူပါတယ်။

လော်ခီးလာမှာ အဆိုပြုတဲ့ (၁၃) ချက်မှာ (၁၀)ချက်ကတော့ လုံးဝသဘောတူပြီးသား ညှိနှိုင်းပြီးသားဖြစ်သွားပါပြီ။ နှစ်ချက်ကတော့နှစ်ဖက်ခေါင်းဆောင်တွေအတည်ပြုရင် ပြီးစီးမှာပါ။ ကျန်တဲ့တစ်ချက်ကတော့ နှစ်ဖက် ခေါင်းဆောင်တွေဆီမှာ သဘောထားယူပြီး ညှိနှိုင်းရမှာဖြစ်တဲ့အတွက် လာမယ့်အစည်းအဝေးဟာ အဲ့ဒီတစ်ချက်ပဲ ညှိနှိုင်းရမယ့် သဘောမျိုးပြောရင်လည်း ရပါတယ်။

အစိုးရဘက်က အားလုံးပါဝင်ရေးကို လက်မခံတာမျိုးမဟုတ်ဘူး။ လက်တွေ့ဆန်ဆန် NCA ကို ထိုးပြီးတာနဲ့ အားလုံးအကျိုးသက်ရောက်ပြီး စောင့်ထိန်းလိုက်နာနိုင်တဲ့ အဖွဲ့အစည်းမျိုးနဲ့ ပထမစရေးထိုးမယ်ဆိုတဲ့ သဘောမျိုးလို့ပဲ ကျွန်တော်နားလည်ထားတယ်။ ဒါကိုလည်း နှစ်ဖက်ခေါင်းဆောင်တွေ နည်းလမ်းရှာဖို့ လိုတယ်လို့ ဝန်ကြီးဦးအောင်မင်းက အကြိမ်ကြိမ် ပြောပြီးပါပြီ။

**ပူးဇင်ကျိုး**
**အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD)၏**
**ဒုတိယအဖွဲ့ခေါင်းဆောင်(၂)**

အားလုံးပါဝင်နိုင်ရေးမှာ ကျွန်တော်တို့ တိုင်းရင်းသားဘက်က တင်ပြတဲ့ NCCT အဖွဲ့ဝင် (၁၆) ဖွဲ့အပြင် ABSDF အပါအဝင် (၁၇)ဖွဲ့ အနည်းဆုံး ပါဝင်နိုင်ရေးကို တင်ပြထားတာပါ။ ကျွန်တော်တို့ NCCT ထဲမှာပါဝင်တဲ့ အဖွဲ့ဝင်တွေအားလုံး အတူတကွ လက်မှတ်ထိုးဖို့ ကျွန်တော်တို့ ဆွေးနွေးကြတာဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲမှာ အားလုံးပါဝင်နိုင်ရေးကို စဉ်းစားပေးမယ်ဆိုတာကို ဒီနေ့ဆွေးနွေးတာ ရှိပါတယ်။ ဒီကိစ္စက မပြီးပြတ်သေးဘူး။ UPWC အနေနဲ့ သမ္မတကြီးဆီမှာဖြစ်ဖြစ် UPCC မှာဖြစ်ဖြစ် တင်ပြဖို့ရှိမှာဖြစ်သလို ကျွန်တော်တို့တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေကလည်းပဲ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေ ရှိတဲ့စင်တာကို ယူသွားပါမယ်။ ဒါတွေကို ပြန်လည်ပြီးတော့မှ ဆွေးနွေးမှာဖြစ်ပါတယ်။

NCA ကိုနောက်လာမယ့် အစည်းအဝေးမှာတော့ အပြီးဖြတ်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ သိပ်မကျန်တော့ပါဘူး။ ကျွန်တော်တို့တင်တဲ့ (၁၃)ချက်မှာ (၁၀)ချက်စာ ချောပြီးသွားပါပြီ။ ကျန်တဲ့(၃)ချက်ကလည်း ညှိနှိုင်းပြီးတော့မှ အထက်တာဝန်ရှိတဲ့သူတွေဆီကို ပြန်ပြီးညှိနှိုင်းမယ့်အနေအထားမျိုးရှိပါတယ်။ နောက်တစ်ကြိမ်မှာတော့ ကျွန်တော်တို့ ဒါကို အပြီးသတ်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ အလားတူပဲ လက်မှတ်ရေးထိုးမယ့်သူတွေ၊ နောက်ပြီး NCA ကို ဘယ်အဖွဲ့အစည်းတွေကနေပြီး လက်မှတ်ထိုးမယ်ဆိုတဲ့ ကိစ္စ၊ ဘယ်နိုင်ငံတွေ အသိသက်သေပါဝင်မယ်ဆိုတဲ့ကိစ္စတွေကိုတော့ လာမယ့်အစည်းအဝေးမှာ အဆုံးသတ်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ တကယ်လို့များ အဆုံးသတ်နိုင်မယ်ဆိုရင် ဘယ်နေ့၊ ဘယ်အချိန်မှာ လက်မှတ်ထိုးကြမယ်ဆိုတဲ့ကိစ္စကို ဆက်ဆွေးနွေးဖို့ ဖြစ်ပါလိမ့်မယ်။

ဆွေးနွေးဖို့ NCA မူကြမ်းထဲမှာ အဓိကကျန်တဲ့ကိစ္စက လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းလို့ ခေါ်တဲ့ SSR နဲ့ DDR ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စကို အဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်တွေ စုစည်းထားတဲ့ စင်တာကို ယူသွားပြီး ဒီကိစ္စကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့တွေ အားလုံးကတော့ အဆင်သင့်ဖြစ်နေပါပြီ။ တိုင်းရင်းသားဘက်က ပြင်ဆင်မှုတွေ လုပ်ထားပါတယ်။ NCA လက်မှတ်ရေးထိုးဖို့အတွက် အဆင်သင့်ဖြစ်တယ်လို့ ပြောလို့ရပါတယ်။ ဒါဟာ ၂၀၁၃ လိုင်ဇာညီလာခံကတည်းကပါ။

**ပဒိုစောကွယ်ထူးဝင်း**
**အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) အဖွဲ့ဝင်**

အခုဆွေးနွေးပွဲက မတ် ၃၁ ရက်က ရလာတဲ့ NCA အတည်ပြု မူကြမ်းကို လော်ခီးလာမှာ ပြင်ဆင်ဖြည့်စွက်ပယ်ဖျက်ပြီး ပြန်ဆွေးနွေးတယ်။ (၁၀) ချက်ကတော့ အချောသပ်ပြီး သဘောတူနိုင်ခဲ့တယ်။ (၂)ချက်ကတော့ မူအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက လက်ခံပြီးပြီ။ ဒါပေမယ့် သဘောတူနိုင်ဖို့ ကျွန်တော်တို့ အထက်ခေါင်းဆောင်တွေကို ပြန်တင်ပြမှာဖြစ်တယ်။ တစ်ချက်ကတော့ နိုင်ငံတော်အစိုးရကိုယ်စားလှယ်အဖွဲ့က ပြန်သုံးသပ်မယ့်အချက်ဖြစ်တယ်။ မူအရတော့ ကျွန်တော်တို့ လက်ခံထားတယ်။ ဒါပေမယ့်သဘောတူညီမှု ရရှိနိုင်ဖို့အတွက် ခေါင်းဆောင်တွေကို ပြန်ပြီးတင်ပြရမှာ ဖြစ်ပါတယ်။ စာချုပ်အပေါ်မှာ မူတည်ပြီး အကုန်လုံးပြေလည်သွားပြီး အချောသပ်နိုင်လို့ရှိရင်တော့ ကျွန်တော်တို့ နောက်တစ်ဆင့် တက်ရမှာပေါ့။ နောက်တစ်ဆင့်တက်ရင် ဘယ်အဖွဲ့အစည်းက လက်မှတ်ရေးထိုးမလဲ၊ ဘယ်သူတွေက လက်မှတ်ရေးထိုးမလဲဆိုတဲ့ ကိစ္စကို ဆက်ဆွေးနွေးရမှာပါ။

အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ရရှိပြီလို့ ကျွန်တော်တို့ပြောလို့မရသေးဘူး။ (၂)ချက်၊ (၃)ချက် ကျန်သေးတာကိုး။ ထိုးဖို့တော့ အဖွဲ့တွေ အဆင်သင့်ဖြစ်ပြီ။ အဲ့ဒီစာချုပ်က အဆင်သင့်မဖြစ်ဘူးဆို ထိုးလို့မရဘူး။ ထိုးဖို့ကိုလည်း တိုင်းရင်းသားဘက်က အကုန်လုံးပါဝင်ရေးမူကို လက်ခံထားတယ်။ အနည်းဆုံးက NCCT မှာ ပါလာတဲ့ ၁၆ ဖွဲ့ပါ။ အစိုးရဘက်ကလည်း သူ့ရဲ့မူနဲ့ သူလုပ်နေတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေးလုပ်ရှားမှုကို အစကနေ အဆုံးထိလေ့လာကြည့်ပါ။ ပထမအစိုးရက ဖိတ်ခေါ်တယ်။ တစ်ဖွဲ့ချင်းကနေ လက်မှတ်ရေးထိုးတယ်။ တိုင်းရင်းသားက တောင်းဆိုတော့ တိုင်းရင်းသားလက်နက်ကိုင်ညီလာခံဖြစ်လာတယ်။ တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေး တောင်းဆိုတယ်။ အစိုးရမူနဲ့ ကျွန်တော်တို့မူကို ညှိနှိုင်းပြီး နှစ်ဖက်လက်ခံနိုင်တဲ့ လက်တွေ့ကျတဲ့အဖြေကို ရှာသွားဖို့ သဘောထား နှစ်ဖက်စလုံးမှာရှိတယ်။ ။

# အဲပုဂံလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း လမ်းချော်မှုဖြစ်ပွား

**ရန်ကုန် ဇူလိုင် ၂၄**

အဲပုဂံလေကြောင်းလိုင်း၏ မန္တလေးမှ ရန်ကုန်သို့ ပျံသန်းလာသော ခရီးစဉ်အမှတ် (W9-424)၊ ATR 72 အမျိုးအစား လေယာဉ်သည် ယနေ့ညနေ ၆ နာရီ ၄၇ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်စဉ် ရာသီဥတုဆိုးရွားပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေယာဉ်ပြေးလမ်းမှ လမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါလေယာဉ်တွင် ခရီးသည် ၄၉ ဦး စီးနင်းလိုက်ပါလာပြီး လမ်းချော်မှုဖြစ်ပွားစဉ် လေယာဉ်အမှုထမ်းများက ခရီးသည်များကို အရေးပေါ်ထွက်ပေါက်မှ ဘေးကင်းစွာဖြင့် လေယာဉ်ကွင်းအတွင်းသို့ ခေါ်ဆောင်ပေးနိုင်ခဲ့သည်။ အဆိုပါဖြစ်စဉ်တွင် ခရီးသည်များထဲမှ သံဃာတော်တစ်ပါး လက်အနည်းငယ် ဒဏ်ရာရခဲ့ပြီး ကျန်ခရီးသည်များ ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း သိရ သည်။

ဒဏ်ရာရရှိသွားသော သံဃာတော်အား လိုအပ်သည့် ဆေးဝါးစစ်ဆေးမှုဆောင်ရွက်ပေးခြင်း၊ ကျန်ခရီးသည်များအား အိမ်သို့အဆင်ပြေချောမွေ့စွာ ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်းတို့ကို အဲပုဂံလေကြောင်းလိုင်းမှ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၅ ။)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ) နှင့်အညီ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲဖြင့် အတည်ပြုချက်အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင်-

(က) အပိုဒ် ၁ **ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ**၌ပါရှိသော အပိုဒ်ခွဲ (ဎ)၏နောက်တွင် အပိုဒ်ခွဲ(ဏ)၊ (ત)၊ (ပ)၊ (ဏ)၊ (တ)၊ (ထ)နှင့် (ဒ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဏ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီး၊

(ဍ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်း၊

(ပ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်၊

(ဏ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၊

(တ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့်ပြည်တွင်း ပြည်ပမှ ငွေချေးယူခြင်း၊

(ထ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပစ္စည်းရယူခြင်း၊

(ဒ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့ ရယူခြင်း။"

(ခ) အပိုဒ် ၂ **စီးပွားရေးကဏ္ဍ**၌ပါရှိသော အပိုဒ်ခွဲ(ဂ)၏နောက်တွင် အပိုဒ်ခွဲ (ဃ)နှင့် (င) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ)ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊

(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်း။"

(ဂ) အပိုဒ် ၃ **စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ**၌ပါရှိသော အပိုဒ်ခွဲ (ဆ)၏နောက်တွင် အပိုဒ်ခွဲ (ဇ)၊(ဈ)၊(ည)၊(ဋ)နှင့် (ဌ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်ခြင်း၊

(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၊

(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေး သုတေသနလုပ်ငန်း၊

(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီး ငါးလုပ်ငန်း၊

(ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးနှင့် မိုးလေဝသလုပ်ငန်း။"

(ဃ) အပိုဒ် ၄ **စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ**၌ပါရှိသော အပိုဒ်ခွဲ (င)၏နောက်တွင် အပိုဒ်ခွဲ (စ)၊(ဆ)၊(ဇ)၊(ဈ)၊(ည) နှင့် (ဋ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(စ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် မိမိထုတ်လုပ်သောသယံဇာတများကို အချိုးအစား သတ်မှတ်ပေးရေး၊

(ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း၊

(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုတွင်း အလုပ်သမားဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး၊

(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာအသေးစားနှင့် လက်လုပ်လက်စား လုပ်ငန်း၊

(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု(၁) အမျိုးအစားတွင် ပါဝင်သော သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သယ်နီးနက်၊ တမလန်းမှအပကျန်သစ်များ၊

(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စီမံခန့်ခွဲခွင့်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝ နယ်မြေများ အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့်ထိန်းသိမ်းရေး။"

(င) အပိုဒ် ၅ **စက်မှုလက်မှုကဏ္ဍ**၌ပါရှိသော အပိုဒ်ခွဲ(ခ)၏နောက်တွင် အပိုဒ်ခွဲ (ဂ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုဇုန်များ။"

(စ) အပိုဒ် ၆ **ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ**၌ပါရှိသော အပိုဒ်ခွဲ(ဂ)၏ နောက်တွင် အပိုဒ်ခွဲ (ဃ)၊(င)၊(စ)၊(ဆ) နှင့် (ဇ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ)ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့်ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊

(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(စ) ပြည်ထောင်စုက စီမံခန့်ခွဲသည့်လုပ်ငန်းများမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရက ဆောင်ရွက်ခွင့်ရှိသော စက်လှေနှင့် သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး၊

(ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူပို့ဆောင်ရေး၊

(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့်အိမ်ရာနှင့် အဆောက်အအုံများ။"

(ဆ) အပိုဒ် ၇ **လူမှုရေးကဏ္ဍ**၌ပါရှိသော အပိုဒ်ခွဲ (ဆ)၏နောက်တွင် အပိုဒ်ခွဲ (ဇ)၊(ဈ)၊(ည)၊(ဋ)၊ (ဌ)နှင့် (ဍ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အခြေခံပညာကျောင်းများ စီမံရေးကိစ္စရပ်များ၊

(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုသိုလ်ဖြစ် ဆေးရုံများနှင့်ဆေးခန်းများ၊ ပုဂ္ဂလိက ဆေးရုံများနှင့် ဆေးခန်းများ၊

(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်စသည်တို့ တုပရောနှောထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊

(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊

(ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊

(ဍ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်နှင့် ဗီဒီယို လုပ်ငန်းများ။"

(ဇ) အပိုဒ် ၈ **စီမံခန့်ခွဲရေးကဏ္ဍ**၌ပါရှိသော အပိုဒ်ခွဲ(ဂ)၏နောက်တွင် အပိုဒ်ခွဲ(ဃ)နှင့် (င)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ)ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ယစ်မျိုး စီမံခန့်ခွဲခွင့်ဆိုင်ရာကိစ္စရပ်များ၊

(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ။"

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ ဥပဒေပြုစာရင်းတွင်ပါရှိသော အပိုဒ် ၁၉ ၏နောက်တွင် အပိုဒ် ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈ နှင့် ၃၉ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၀။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီး ဆိုင်ရာ အခွန်အခများ၊

၂၁။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်းဆိုင်ရာအခွန်အခများ၊

၂၂။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန် ဆိုင်ရာ အခွန်အခများ၊

၂၃။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အခွန်အခများ၊

၂၄။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အကောက်အခွန် ဆိုင်ရာအခွန်အခများ၊

၂၅။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းဆိုင်ရာ အခွန်အခများ၊

၂၆။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၂၇။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ အခွန်အခများ၊

၂၈။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီးငါးလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၂၉။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေနံ၊သဘာဝဓာတ်ငွေ့ဆိုင်ရာ အခွန်အခများ၊

၃၀။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့် သတ္တုတွင်းဆိုင်ရာ အခွန်အခများ၊

၃၁။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာဆိုင်ရာ အခွန်အခများ၊

၃၂။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု(၁)အမျိုးအစားတွင် ပါဝင်သော သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သယ်နီးနက်၊ တမလန်းမှအပ ကျန်သစ်အမျိုးအစားများနှင့် သက်ဆိုင်သည့် အခွန်အခများ၊

၃၃။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

၃၄။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်လှေ၊ သင်္ဘောငယ်များတည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးဆိုင်ရာ အခွန်အခများ၊

၃၅။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာအခွန်အခများ၊

၃၆။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့် အဆောက်အအုံများဆိုင်ရာ အခွန်အခများ၊

၃၇။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကိုယ်ပိုင်ကျောင်းနှင့် သင်တန်းများဆိုင်ရာ အခွန်အခများ၊

၃၈။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိက ဆေးရုံများနှင့် ဆေးခန်းများဆိုင်ရာ အခွန်အခများ၊

၃၉။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုဆိုင်ရာ အခွန်အခများ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ယုံကြည်စိတ်ချရသည့် ရွေးကောက်ပွဲရလဒ်ပေါ်ထွက်လာရေး ပူးပေါင်းဆောင်ရွက်ကြစေလို

ခင် ဇာ လီ

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် အထွေထွေရွေးကောက်ပွဲကြီး ကျင်းပမည်ဖြစ်သည်။ ရွေးကောက်ပွဲများကို ကျင်းပရခြင်းမှာ လူအများ၏ သဘောဆန္ဒ၊ လူအများ၏ လွတ်လပ်စွာရွေးချယ်ခွင့်စသည့် အများနှင့် သက်ဆိုင်သော ကိစ္စဟူသမျှကို အများကသာ လျှင် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟူသော အခြေခံ အုတ်မြစ်ကို ဖော်ဆောင်ခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၁၅ခုနှစ် ရွေးကောက်ပွဲ ရလဒ်သည်ပြည်သူလူထု၏ ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍ၊ ပြည်သူတို့နှင့် အနီးကပ် ဆက်ဆံရမည့် မဲရုံဝန်ထမ်းများ၏ အခန်း ကဏ္ဍများအပေါ်တွင် တည်မှီလာသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သော သန်းခေါင်စာရင်းစစ်တမ်းများအရ အမျိုးသား ၂၄ သန်းကျော်၊ အမျိုးသမီး ၂၆ သန်းကျော်ရှိရာ စုစုပေါင်းလူဦးရေ ၅၁ သန်း ကျော်ရှိသည့်အနက် လူဦးရေ ၃၂ သန်းသာ လျှင် မဲပေးခွင့်ရရှိသူများဖြစ်သည်။ ထိုအထဲ တွင် ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ ၇ သန်းကျော် နေထိုင်ပြီး မဲပေးခွင့်ရရှိသူမှာ ၄ ဒသမ ၅ သန်းကျော်ရှိကြောင်း သိရသည်။

တရားမျှတပြီး လွတ်လပ်သည့် ရွေးကောက်ပွဲဖြစ်ပေါ်ရေးသည် ပြည်သူ တို့က ရွေးချယ်ပေးလိုက်သည့် ဆန္ဒမဲတစ်ပြား ပေါ်တွင် မူတည်နေသည်။ သို့သော်လည်း မြန်မာပြည်သူလူထုသည် ရွေးကောက်ပွဲ နှင့် မရင်းနှီးသေးသည်က တစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်အပေါ် ယုံကြည်မှု နည်းပါးနေသေးသည်က တစ်ကြောင်း စသည့် အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲကို စိတ်ဝင်စားမှုများ လျော့နည်း နေခြင်းဖြစ်သည်ဟု ပြည်သူများအကြားတွင် ကြားသိရသည်။

"ဦးလေးတို့လို လူတွေအတွက်ကတော့ ဘယ်သူသမ္မတလုပ်လုပ် မထူးခြားတော့ပါ ဘူး။ တစ်ခါမှလည်း မဲမပေးဖူးဘူး။ ဘယ်သူ့ ကို ပေးရမှန်းလည်း မသိဘူး။ ပြီးတော့ သူတို့က ဘာလုပ်ပေးမှာလဲ။ ဆိုက်ကားသမားတွေရဲ့ ဘဝက တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ဘဝပါ။ လုပ်နိုင်ကိုင်နိုင်မှ ထမင်းစားရတာလေ။ အခုအသက်က (၅၆) နှစ်ဖြစ်နေပြီ။ နေစရာက မရှိဘူး။ ဆိုက်ကားတစ်နေ့နင်းမှ အုံနာခ ဖယ်ရင် ကျပ် ၁၀၀၀ ပဲရတဲ့နေ့ရှိသလို ကျပ် ၃၀၀၀ ရတဲ့နေ့တွေလည်းရှိပါတယ်။ ဒီငွေနဲ့ ကလေး နှစ်ယောက်ကို ကျောင်းဘယ်လိုထားမလဲ။ ဘယ်မိဘမဆို ကိုယ့်သားသမီးကို ပညာ တတ်ကြီး ဖြစ်စေချင်တာပဲ။ ဒီခေတ်မှာက ကုန်ဈေးနှုန်းကကြီးကကြီးနဲ့၊ အေးအေး ချမ်းချမ်းနဲ့ ထမင်းနပ်မှန်ဖို့ကပဲ အရေးကြီးပါ တယ်"ဟု သာကေတမြို့နယ်တွင် နေထိုင်သူ ဆိုက်ကားဆရာ ဦးလှမြင့်က ပြောသည်။

ဒလမြို့နယ်မှ လာရောက်ပြီး ဗိုလ်တ ထောင် ကမ်းနားဆိပ်တွင် ခိုစာရောင်းချသူ ဦးဝင်းထွန်းက "ဦးလေးကတော့ မဆလ ခေတ်ထဲက မဲပေးလာခဲ့တော့ ရွေးကောက်ပွဲ ဆို နားစွင့်မိတယ်။ အခုရွေးကောက်ပွဲ နီးလာ တော့ ဘယ်သူဖြစ်မလဲဆိုတာတော့ သိချင် တယ်။ ဦးလေး အသက်က (၅၇) နှစ်ရှိပြီ။ ခိုစာရောင်းနေတာ လေးနှစ်လောက်တော့ ရှိပြီ။ တစ်နေ့ ကျပ်လေးငါးထောင်လောက် တော့ ကျန်တယ်။ ဒါပေမယ့်လည်း အိမ်ငှားခ၊ ဈေးဖိုး အမြီးချိုး၊ ခေါင်းချိုးနဲ့ ဘာမှမကျန်ဘူး။ အခု ရပ်ကွက်ရုံးမှာက မဲစာရင်းမှာ ဦးတို့ အမည်မပါဘူး။ ပြောင်းလာတာတော့သုံးနှစ် လောက်ရှိပြီ။ သန်းခေါင်စာရင်းမရှိလို့ စာရင်း မပါဘူးပြောပေမယ့် မှတ်ပုံတင်ပြရင် စာရင်း သွင်းလို့ရတယ်လို့တော့ ကြားမိတယ်" ဟု ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဒလမြို့နယ် အပိုင် တောင်ပိုင်းခရိုင် ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးမြတ်စိုးက "ကျွန်တော်တို့ တောင်ပိုင်းခရိုင်မှာ လူဦးရေ ၁၂ သိန်းကျော် ရှိပြီး မဲပေးခွင့်ရှိသူ ကိုးသိန်းကျော် ရှိပါ တယ်။

အခု ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကို ထုတ်ပြန်ထားပြီးဖြစ်သလို နောက်ထပ်ဒုတိယ အကြိမ်ကိုလည်း ထုတ်ပြန်ဦးမှာပါ။ သန်းခေါင်စာရင်း မရှိတဲ့သူတွေအတွက် ရက်ပေါင်း ၁၈၀ နေထိုင်ကြောင်းပြနိုင်ရင် ရပါတယ်။ မြန်မာနိုင်ငံသား အသက်(၁၈)နှစ် ပြည့်သူတိုင်း မဲပေးခွင့်ရှိပါတယ်။ အရင်က တော့ white card တွေကို ယာယီသက်သေခံ ကတ်ပြားထုတ်ပေးပြီး ခွင့်ပြုခဲ့ပေမယ့် ဒီနှစ် တော့ မြန်မာနိုင်ငံသားဖြစ်ကြောင်း အထောက် အထားပြနိုင်သူမှသာ မဲပေးခွင့်ရရှိမှာပါ။ မဲစာရင်းတွေကို ကြေညာပေးနေပါတယ်။ အသိပညာပေးတာတွေလည်း လုပ်နေပါ တယ်။ ဒါပေမယ့် ပြည်သူတွေကိုယ်တိုင်က စိတ်မဝင်စားတာကိုတော့ ကျွန်တော်တို့အနေ နဲ့ အတင်းအကျပ်လုပ်လို့မရဘူး။ သူမပေးချင် ရင် ပေးခိုင်းလို့မရပါဘူး" ဟု ရှင်းပြ သည်။

ထို့အပြင် ရန်ကုန်တွင် ဒေသတွင်း မြို့နယ် ၄၅ ခုရှိပြီး ယင်းမြို့နယ်များအတွက် မဲရုံပေါင်း ၅၆၇၀ ကျော်၊ မဲပုံးပေါင်း ၂၂၀၀၀ ထားရှိမည်ဟု သိရသည်။ မဲရုံတစ်ရုံအတွက် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၁၃ ဦးထားရှိရမည်ဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်းအတွက် မဲရုံဝန်ထမ်းပေါင်း ခုနစ်သောင်းကျော် လိုအပ် သည်။ တစ်နိုင်ငံလုံး အတိုင်းအတာတွင် မဲရုံပေါင်း ၄၇၀၀၀ ကျော်အား ခန့်မှန်း သတ်မှတ်ထားရာ အဆိုပါမဲရုံများအတွက် ပျမ်းမျှ ဝန်ထမ်းပေါင်း ၆၁၁၀၀၀ ခန့်လိုအပ် မည်ဖြစ်ကြောင်း တွေ့နိုင်သည်။

အဆိုပါဝန်ထမ်းအားလုံးသည် စစ်မှန် ပြီး တရားမျှတသည့် ရွေးကောက်ပွဲရလဒ်များ ရရှိရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင် သည်။ဝန်ထမ်းအားလုံးသည် ရွေးကောက်ပွဲ မတိုင်မီကပင် ကြိုတင်၍ သင့်လျော်သော၊ အဆင့်အတန်းမီသော သင်တန်းများရရှိထား ရန် လိုအပ်သည်။ အဆိုပါအကြောင်းကိစ္စနှင့် ပတ်သက်၍ ရန်ကုန်တောင်ပိုင်းခရိုင် ဥက္ကဋ္ဌ ဦးမြတ်စိုးအား မေးမြန်းခဲ့ရာ "ရွေးကောက်ပွဲအတွက် ဝန်ထမ်းတွေကို အခုထိတော့ အတိအကျ မသတ်မှတ်ရသေးပါ ဘူး။ မြို့နယ်ကော်မရှင်တွေမှာတော့ လျာထား ပါတယ်။ အများစုကတော့ ပညာရေးဌာနက ဆရာမတွေပါပဲ။ မသတ်မှတ်ရသေးတဲ့ အတွက် သင်တန်းတွေပေးလို့ မရသေးပါဘူး။ ပြီးတော့ ဝန်ထမ်းအားလုံးကို သင်တန်းမပေး နိုင်ပါဘူး။ နိုင်ငံတော်ကချပေးတဲ့ ဘတ်ဂျက် ကနည်းတော့ မဲရုံမှူး၊ ဒုမဲရုံမှူးတွေကိုပဲ သင်တန်းပေးနိုင်မှာပါ။ အခုထိလည်း သင်တန်းပေးရမယ့်ရက် မသတ်မှတ်ရသေး ပါဘူး"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ဦးချစ်နိုင်ကမူ "ရွေးကောက်ပွဲ အတွက် ဝန်ထမ်းအများစုဟာ ဆရာ ဆရာမ များဖြစ်တဲ့အတွက် ကျောင်းပိတ်ချိန် လောက်မှသာ သင်တန်းများပေးနိုင်မယ်"ဟု ခန့်မှန်းပြောကြားသည်။

မည်သို့ပင်ဆိုစေကာမူ ရွေးကောက် ပွဲကြီးကျင်းပရန်မှာ အချိန်အားဖြင့် ရက် ၁၀၀ ကျော်သာလိုတော့သည်။ မြန်မာနိုင်ငံရှိ သန်းပေါင်းများစွာသော လူဦးရေသည် လာမည့်ရွေးကောက်ပွဲ အခြေအနေ၏ သဘောတရားများကို နားလည်ကြရန် လိုအပ် လျက်ရှိရာ ဌာနဆိုင်ရာများနှင့်သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ လှုံ့ဆော်မှုများသည် လွန်စွာအရေးပါသည်။ ယုံကြည်စိတ်ချရသည့် ရွေးကောက်ပွဲရလဒ်သည် အများပြည်သူတို့ အတွက် မျှော်လင့်ချက်ဖြစ်သည်။ ရွေးကောက် တင်မြှောက်ခံ ပုဂ္ဂိုလ်များသည် ပြည်သူတို့၏ အားကိုးရာဖြစ်သည်။ ပြည်သူ့အသံကို နားထောင်ပေးနိုင်မည့်သူများ ဖြစ်စေချင် သည်။

ယင်းဆန္ဒများသည် မြန်မာနိုင်ငံရှိ သန်းပေါင်းများစွာသောလူဦးရေ၏ တစ်ထပ် တည်းကျသော ဆန္ဒများပင်ဖြစ်ရာ ပူးပေါင်း ဆောင်ရွက်မှု ကဏ္ဍများမှသည် တရားမျှတ၊ လွတ်လပ်၊ ပွင့်လင်းသော ဒီမိုကရေစီနိုင်ငံဆီ သို့ ဦးတည်နိုင်မည်ဖြစ်သည်။ ။

# ထိုင်းနှင့်တရုတ်ဆိုင်ကယ်ဈေးကွက် လပိုင်းအတွင်း ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ဝယ်လိုအားကျဆင်းသွားခြင်းမရှိ



မကွေး ဇူလိုင် ၂၄

မကွေးမြို့ ဆိုင်ကယ်ဈေးကွက်၌ ငွေကြေးဆိုင်ရာ အညွှန်းကိန်းများ ပြောင်းလဲလာမှုနှင့်အတူ ထိုင်းနှင့် တရုတ် Brand များ လပိုင်းအတွင်း ဈေးနှုန်းများသိသိ သာသာ မြင့်တက်လာခဲ့သော်လည်း ဝယ်လိုအားကျဆင်း သွားခြင်းမရှိဘဲ ကျောင်းဖွင့်ချိန်ကာလများမှ ယနေ့ထိ ပုံမှန်အရောင်းအဝယ်ဖြစ်နေကာ တိုင်းဒေသကြီး အတွင်း ယာဉ်အသုံးပြုမှု ပိုမိုများပြားနေဆဲဖြစ်ကြောင်း သိရသည်။

ဈေးကွက်ဝယ်လိုအားနှင့်စပ်လျဉ်း၍ "အကြိုက် များပြီး Crazy ဖြစ်တာကတော့ Click ပါ။ တခြား Blade နဲ့ Alpha ဆိုင်ကယ်တွေလည်း အရေအတွက် မျှပြီး ရောင်းရပါတယ်။ ထိုင်းကထုတ်တာမှန်သမျှ တရုတ်က ပုံစံယူပြီး ပြန်ထုတ်နေကြတော့ Click ကြိုက်တဲ့သူတွေက ထိုင်းအစစ်ဆိုဈေးမနိုင်လို့ တရုတ် Click ဝယ်စီးကြတာတွေ လည်း အများကြီးပဲ။ လူကြီးပိုင်းကတော့ ဒီအမျိုးအစားကို သိပ်သဘောမကျကြဘူး။ လူငယ်ဈေးကွက်ပါ။ Click က ရေတိုင်ကီပါတာ့ ဟိုက်ဝေးအဆင်ပြေတယ်။ ကွန်ဘိုင်း ဘရိတ်ဖြစ်တာကြောင့် နောက်ဘရိတ်အုပ်ရင်ရှေ့ဘရိတ်ပါ မိတယ်။ နောက်ပြီးဘေးဒေါက်ကျနေရင် စက်နှိုးလို့မရတဲ့ စနစ်ကြောင့် ဘေးဒေါက်တင်၊ ဘရိတ်ဆွဲ၊ စက်နှိုးမှရတဲ့ Break-start ဆိုတော့ Safety ဖြစ်ပါတယ်။ ၂၀၁၅ မှာ ကာဘာဒီဇိုင်းတွေ၊ ကီလိုမီတာဒိုင်ခွက်တွေ ပြောင်းသွား တယ်။ ရိုးရိုးမီးတွေနေရာမှာ LED မီးတွေ ပြောင်းထား တယ်။ Tubeless ဖြစ်သွားတယ်။ အရင်ကလို ဘီးပေါက်မှာ ပူစရာမလိုတော့ဘူး။ ဈေးကတော့ လပိုင်းအတွင်း ရှစ်သောင်းလောက်တက်သွားပေမယ့် လူငယ်တွေက ဝယ်စီးနေကြတုန်းပဲ"ဟု HONDA သီးသန့် အရောင်းဆိုင် တာဝန်ခံက ပြောသည်။

"ထိုင်း Click မတတ်နိုင်သူတွေက တရုတ် Click တွေဝယ်စီးလာကြတယ်။ဈေးကလည်း ဆယ်သိန်းလောက် ကွာတာဆိုတော့ ခုနောက်ပိုင်း တရုတ် Brand ထဲက Star-Sky ကို စိတ်ဝင်စားတဲ့သူများလာတယ်။ အပိုပစ္စည်း ငါးမျိုး၊ အင်ဂျင်တစ်နှစ်အာမခံလည်းပေးတယ်။ ဆက်စပ် အပိုပစ္စည်းတွေမှာရင်လည်း အလွယ်တကူရတယ် ဆိုတော့ ဝယ်တဲ့သူများလာတယ်။ ဒီဒေသမှာအဓိက ကြိုက်ကြတာ တော့ KENBO၊ Yinxing၊ Shayan၊ Super Ambo အမျိုးအစားတွေပါ။ သင်္ကြန်ပြီးနောက်ပိုင်း ဒေါ်လာဈေး တက်လာပြီး ဆိုင်ကယ်ဈေးကွက်တွေလည်းမြင့်လာတယ်။ ဒေါ်လာဈေးကတက်လိုက်ကျလိုက်နဲ့ အရင်လောက်တော့ ပြန်မကျဘူး။ တရုတ်ယွမ်ကလည်း အရင်က မြန်မာငွေ တစ်သိန်းလဲရင် ကျပ် ၆၀၀ ကနေ ကျပ် ၆၂၀ လောက်ထိ ရတယ်။ တဖြည်းဖြည်းနဲ့ ငွေကျပ် တစ်သိန်းကို ယွမ် ၅၂၀ လောက်ပဲ ရတော့တယ်။ ဈေးကွက်အပြောင်းအလဲရှိပေမယ့် ရောင်းအားထိုးကျသွားတာမျိုးတော့ မရှိပါဘူး။ ကျောင်း ဖွင့်ချိန်ကာလတွေဆို ရောင်းအားပိုတက်ပါတယ်" ဟု Showroom ပိုင်ရှင် တစ်ဦးကပြောသည်။

ဇေယျာတု(မကွေး)

# ဒဂုံတောင် မိဘရိပ် သာသနာ့ဗိမာန်တော်၌ တရားပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

မိုးကုတ်၊ မန္တလေး၊ မုံရွာ၊ မူဆယ်ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်းတိုက်ကြီးများ၏ ဦးစီးပဓာန နာယကချုပ် ဆရာတော် နိုင်ငံတော်မဟာကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မရံသီဆရာတော် ဘဒ္ဒန္တသုနန္ဒ မထေရ်မြတ် ၏ ဝါဆိုလပြည့်နေ့ည အထူးဓမ္မသဘင်တရားပွဲကို ၂၀၁၅ ခုနှစ် ဇူလိုင် ၃၁ ရက်၊ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၀)ရပ်ကွက် ကန်တော်မင်္ဂလာလမ်းနှင့် ဇီဝက လမ်းထောင့် အောင်ဗောဓိဆုတောင်းပြည့်စေတီတော်အနီး မိဘရိပ် သာသနာ့ဗိမာန်တော်၌ ကျင်းပသွားမည်ဖြစ်သည်။

ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) အထူးတရားပွဲအတွက် ဓမ္မပူဇာ အလှူတော်ငွေများ ထည့်ဝင်လှူဒါန်း လိုပါက ဦးကျော်ဝင်း(ဖုန်း-၀၉-၇၃၀၃၈၇၃၅)နှင့် ဦးအောင်သန့် (ဖုန်း-၀၉-၄၂၀၁၇၅၂၆၇)၊ ဒေါ်အေးသိန်း (ဖုန်း-၀၉- ၅၄၃၃၃၅၄)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဓမ္မသဘင်ကျင်းပရေးအဖွဲ့က နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

## ဇူလိုင် ၂၄ ရက် ( သောကြာနေ့ ) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၅၅၀၀ |
| ၂ | ဧည့်မထ/ဧယာ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၃၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၁၅၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၈၀၀၀ မှ ၁၃၈၀၀၀ |
| ၉ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၀ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၅၀၀၀ မှ ၉၀၀၀၀ |
| ၁၁ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀၀ |
| ၁၂ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၅၀၀၀ မှ ၅၈၀၀၀ |
| ၁၃ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၂၀၇၀၀၀ မှ ၂၀၈၀၀၀ |
| ၁၄ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀ မှ ၈၅၀ |
| ၁၅ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၈၀ မှ ၂၀၀၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

# အင်ဒိုနီးရှားနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ လွတ်လပ်သောကုန်သွယ်မှုဇုန် ထူထောင်ရန်ကြိုးပမ်း

**ဂျကာတာ ဇူလိုင် ၂၄**

အင်ဒိုနီးရှားနိုင်ငံနှင့် ဥရောပသမဂ္ဂတို့သည် နှစ်နိုင်ငံကြားလွတ်လပ်သော ကုန်သွယ်မှုဇုန်တစ်ခု ထူထောင်ရန် ညှိနှိုင်းလျက်ရှိကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများကဆိုသည်။

အင်ဒိုနီးရှားစက်မှုဝန်ကြီးဌာနနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဥရောပသမဂ္ဂအဖွဲ့မှ တာဝန်ရှိသူများသည် နှစ်နိုင်ငံကြားလွတ်လပ်သော ကုန်သွယ်မှုဇုန်တစ်ခု ထူထောင်နိုင်ရေး ကနဦးအစည်းအဝေးတစ်ရပ် ကျင်းပရန်စီစဉ်နေကြသည်ဟု အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဆိုသည်။

အင်ဒိုနီးရှားပြည်တွင်းထုတ်ကုန်များကို ဥရောပဈေးကွက်တွင် ရောင်းချနိုင်ရန် လွတ်လပ်သောကုန်သွယ်မှုဇုန်ထူထောင်ရေး သဘောတူညီမှုရရှိရန် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မျှော်လင့်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဥရောပသည် အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီကုန်ကြမ်းကို ဝယ်ယူနေသည့် ဈေးကွက်တစ်ခုဖြစ်သည်။ သို့သော် နိုင်ငံခြားပို့ကုန်များပြုလုပ်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံအတွင်းသို့ တင်သွင်းသည့် ကုန်ကြမ်းများအပေါ် အခွန်အခကောက်ခံမှုမှာ ခုနစ်ရာခိုင်နှုန်း မြင့်တက်လျက်ရှိသည်။

ဥရောပသည် အင်ဒိုနီးရှားနိုင်ငံ၏ အထည်အလိပ်နှင့် အခြားမူရင်းပစ္စည်းကို ပုံစံတူထုတ်လုပ်ထားသည့်ထုတ်ကုန်များအတွက် ဈေးကွက်တစ်ခုလည်းဖြစ်သည်။ အင်ဒိုနီးရှား၏ ဥရောပသို့ တင်သွင်းသည့် အခြားကုန်စည်များမှာ ရာဘာ၊ ကော်ဖီနှင့် ရေထွက်ကုန်ပစ္စည်းများ ဖြစ်သည်။



အင်ဒိုနီးရှားနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများကို ဥရောပသို့ တင်ပို့နေသဖြင့် လွှပ်လပ်သော ကုန်သွယ်မှုဇုန်ထူထောင်နိုင်ပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်သော်လည်း လွတ်လပ်သော ကုန်သွယ်မှုဇုန်ထူထောင်ခြင်း၏ ကောင်းကျိုးများသာမက ဆိုးကျိုးများကိုပါသေချာစွာ ဆန်းစစ်လေ့လာရန်လိုအပ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ထပ်လောင်းပြောသည်။

အင်ဒိုနီးရှားပြည်တွင်းထုတ်ကုန်များသည် ဥရောပဈေးကွက်ရှိ ထုတ်ကုန်များကို ယှဉ်ပြိုင်နိုင်ရန်ခက်ခဲမှုများရှိသည့်အတွက် အင်ဒိုနီးရှားလယ်သမားအဖွဲ့က အဆိုပါကုန်သွယ်မှုဇုန်ထူထောင်မည့်အစီအစဉ်ကို သဘောတူညီမှုမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ဆင်ဟွာ။**

# ဖီဖာအမှုဆောင်ဟောင်းကို လွှဲပေးရန် အမေရိကန်က ပါရာဂွေးကို တောင်းဆို

**အဆန်စီယန်(ပါရာဂွေး) ဇူလိုင် ၂၄**

တောင်အမေရိက ဘောလုံးအဖွဲ့ချုပ် ကွန်မီးဘောလ်၏ ဥက္ကဋ္ဌဟောင်း နီကိုလပ်လီယိုဇက်**(ယာပုံ)**ကို လွှဲပြောင်းပေးပါရန် အမေရိကန်ပြည်ထောင်စုက ပါရာဂွေးနိုင်ငံကို တောင်းဆိုထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အမေရိကန် တရားရေးဌာနက စုံစမ်းစစ်ဆေးလျက်ရှိသည့် အဂတိလိုက်စားမှုနှင့် ငွေကြေးခဝါချမှု အရှုပ်တော်ပုံကြီးတွင် အဓိကသံသယရှိသူများအနက် မစ္စတာလီယိုဇက်မှာ တစ်ဦးအပါအဝင်ဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် ကော်မတီဝင်ဟောင်းဖြစ်သူ ၎င်းကို ပါရာဂွေးနိုင်ငံ၏ မြို့တော်အဆန်စီယန်ရှိ ၎င်း၏ နေအိမ်တွင် အကျယ်ချုပ်ဖြင့် ဖမ်းဆီးထားသည်။ ၎င်းက အပြစ်မရှိကြောင်း ငြင်းဆိုလျက်ရှိသည်။




မေလတွင် ဆွစ်ရဲတပ်ဖွဲ့များက ဂျီနီဗာမြို့၌ ဖီဖာအမှုဆောင် ခုနစ်ဦးကို ဖမ်းဆီးစဉ် မစ္စတာလီယိုဇက် ထိုမြို့တွင် မရှိခဲ့ပေ။

သို့သော် ပါရာဂွေး ရဲတပ်ဖွဲ့က ၎င်းကို ဖမ်းဆီးပြီး ကွန်မီးဘောလ် ဌာနချုပ်ရှိရာ အဆန်စီယန်မြို့ရှိ ၎င်း၏နေအိမ်တွင် အကျယ်ချုပ်ထားရှိခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ စွပ်စွဲချက်ထွက်ပေါ်လာပြီးနောက် ပါရာဂွေးနိုင်ငံကလည်း အခြားသောနိုင်ငံများကဲ့သို့ ကိုယ်ပိုင်အစီအစဉ်ဖြင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

**ရိုက်တာ။**

# အိုင်တီထုတ်ကုန်များ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရရှိ

**ဝါရှင်တန် ဇူလိုင် ၂၄**

သတင်းအချက်အလက်နည်းပညာ (အိုင်တီ)ထုတ်ကုန်ပစ္စည်းများအပေါ်မှ အခွန်အကောက် ကောက်ယူမှုဖျက်သိမ်းရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)အဖွဲ့ဝင်နိုင်ငံများက အပြီးသတ်ရေးဆွဲခဲ့ကြကြောင်း အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်က ဇူလိုင် ၂၄ ရက်တွင် ပြောကြားသည်။

ဗီဒီယိုဂိမ်းများမှသည် ဆေးဘက်ဆိုင်ရာ ကိရိယာပစ္စည်းများအထိ အကျိုးဝင်မည့် ထုတ်ကုန်ပစ္စည်းအမျိုးမျိုး ကုန်သွယ်ဖောက်ကားမှု မြှင့်တင်နိုင်စေရန် အိုင်တီထုတ်ကုန်ပစ္စည်းများ ကုန်သွယ်ရာတွင် အခွန်အကောက်များကို လျှော့ချပေးမည်ဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ၁၈ နှစ် သက်တမ်းရှိ အိုင်တီထုတ်ကုန်ဆိုင်ရာ သဘောတူညီချက်ကို ခေတ်နှင့်အညီ ပြင်ဆင်ရေးဆွဲရန် သဘောတူညီချက်ရရှိခြင်းဖြင့် အကောက်ခွန်လုံးဝကောက်ယူခြင်းမပြုရန် အကျုံးဝင်သည့် ကုန်ပစ္စည်းများစာရင်းတွင် နောက်ထပ်ထုတ်ကုန်ပစ္စည်း ၂၀၀ ကျော် ပါဝင်လာမည်ဖြစ်သည်။

အဆိုပါ သဘောတူညီချက်မှ အကျိုးအမြတ်ခံစားနိုင်မည့် ကုမ္ပဏီများတွင် ဂျင်နရယ်အီလက်ထရစ်ကုမ္ပဏီ၊ အင်တဲလ်ကော်ပိုရေးရှင်း၊ တက္ကဆက်အင်စထူးမင့် အင်ကော်ပိုရိတ်တက်၊ မိုက်ကရိုဆော့ဖ် ကော်ပိုရေးရှင်းနှင့် နင်တင်ဒိုကုမ္ပဏီတို့ကဲ့သို့ နည်းပညာထုတ်ကုန်များကို ထုတ်လုပ်သော ကုမ္ပဏီများ ပါဝင်သည်။

**ရိုက်တာ။**

# ဂျော်ဒန်နယ်စပ်လုံခြုံရေး စောင့်ရှောက်ရန် အစ္စရေးက ရဟတ်ယာဉ်များပေးအပ်

**အမ္မန် ဇူလိုင် ၂၄**

ဆီးရီးယား၊ အီရတ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော ဂျော်ဒန်နိုင်ငံ၏နယ်နိမိတ်တစ်လျှောက်တွင် သောင်းကျန်းသူများ၏ ခြိမ်းခြောက်မှုများမှ ကာကွယ်နိုင်ရန် ဂျော်ဒန်နိုင်ငံအား အစ္စရေးနိုင်ငံက ၎င်း၏ လေတပ်ဖွဲ့တွင် တာဝန်မှအနားပေးထားသည့် အမေရိကန်နိုင်ငံလုပ် ကော်ဘရာအမျိုးအစား ရဟတ်ယာဉ်များကို ထောက်ပံ့ပေးခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်ဟု ယနေ့ရိုက်တာသတင်းက ဖော်ပြသည်။

အမေရိကန်၏ သဘောတူခွင့်ပြုချက်ရပြီးနောက် ရဟတ်ယာဉ်များ လွှဲပြောင်းပေးအပ်မှု စတင်ခဲ့ခြင်းဖြစ်သည်။ ဂျော်ဒန်နိုင်ငံ၏ တိုက်ခိုက်ရေး ရဟတ်ယာဉ်အုပ်စုအတွင်းသို့ ပူးပေါင်းပါဝင်ခြင်းမပြုမီ စက်မှုပိုင်းဆိုင်ရာ အကြီးစားပြုပြင်မှုများကို အစ္စရေးက အခမဲ့ပြုလုပ်ပေးခဲ့ကြောင်း အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

အဆိုပါ ရဟတ်ယာဉ်များသည် ဂျော်ဒန်နိုင်ငံ၏ နယ်စပ်လုံခြုံရေးအတွက်သာဖြစ်ကြောင်း အထိအခိုက်မခံသော အဆိုပါကိစ္စအား မေးမြန်းရာတွင် အမည်မဖော်လိုသူ တာဝန်ရှိသူက ရိုက်တာ သတင်းဌာနသို့ ပြောကြားသည်။ လွှဲပြောင်းပေးအပ်သော ရဟတ်ယာဉ်များမှာ ၁၆ စင်းအထိ ရှိသည်။ ယင်းတို့ထဲမှ အချို့ကို ဂျော်ဒန်နိုင်ငံက အသုံးပြုနေပြီး အချို့ကို အရန်အဖြစ်ထားရှိကြောင်း ၎င်းက ပြောကြားသည်။

**ရိုက်တာ။**





# ဈေးကွက်အကောင်းဆုံး နံပါတ်(၁) နေရာ၌ အားကစားကြယ်ပွင့် ဖက်ဒရာ ရပ်တည်

လန်ဒန်ဈေးကွက်လေ့လာရေးကျောင်း၏သုတေသနပြု ထုတ်ပြန်ချက်အရ ဆွစ်တင်းနစ်အကျော်အမော်ဖက်ဒရာက အမေရိကန်နာမည်ကျော် ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်၊ ဖီးလ်မက်ခဆန်နှင့် ဘတ်စကက်ဘောကြယ်ပွင့် လီဘရွန်ဂျိမ်းစ်တို့အားကျော်လွန်ကာ ဈေးကွက်အကောင်းဆိုဆုံး နံပါတ်(၁)ကစားသမားအဖြစ် ရပ်တည်နေသည်။

ယင်းလေ့လာမှုသည် ကစားသမား၏အမှတ်တံဆိပ်တန်ဖိုး၊စပွန်ဆာကြေးအပါအဝင်ဝင်ငွေစုစုပေါင်း၊လူမှုမီဒီယာများတွင် နေရာယူရပ်တည်နိုင်မှုတို့ကို အခြေခံ၍ ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်သည်။

သုတေသနအဖွဲ့အမှုဆောင်ဒါရိုက်တာ တိုနီဂေါ့ဆစ်က "ရိုဂျာ(ဖက်ဒရာ)ရဲ့ ရိုးသားပြီးစစ်မှန်ပြည့်ဝမှုတွေ၊ လက်တွေ့ဆန်မှုတွေကြောင့်ဖောင်ဒေးရှင်းကလုပ်ဖော်ကိုင်ဖက်တွေရော၊ တခြားလူတွေကိုပါပျော်ရွှင်မှုတွေဆောင်ကြဉ်းပေးနိုင်ခဲ့တယ်။ ဒါကြောင့်သူဟာ ကမ္ဘာ့အားကစားလောကမှာ အထင်ရှားဆုံးကစားသမားနေရာကို အခုထိဆုပ်ကိုင်နေနိုင်ခဲ့တာပေါ့ဗျာ"ဟု ဆိုခဲ့သည်။

အဆိုပါစာရင်း၏ ထိပ်တန်းကစားသမား(၂၀)စာရင်းတွင် တင်းနစ်လောက ကသာအများဆုံးလွှမ်းမိုးခဲ့ပြီး တင်းနစ်ကစားသမားစုစုပေါင်းခုနစ်ဦးအထိ ပါဝင်နေခဲ့သည်။ ယင်းကစားသမားများမှာ ဖက်ဒရာ(နံပါတ် ၁)၊ ဂျိုကိုဗစ်ချ်(နံပါတ် ၇)၊ ရာဖေးလ်နာဒဲလ်(နံပါတ် ၈)၊မာရီယာရှာရာပိုဗာ (နံပါတ်၁၂)၊ အင်ဒီမာရေး(နံပါတ်၁၆)၊ ဂျပန်တင်းနစ်ကစားသမားနစ် ရှီကိုရီ(နံပါတ် ၁၇) နှင့် ဆရီနာဝီလျံ(နံပါတ် ၂၀) တို့ဖြစ်သည်။






# တိုက်စစ်မှူးဒီဇီကို မန်စီးတီးအသင်းမှ ထွက်ခွာမည်

မန်စီးတီးတိုက်စစ်မှူး ဒီဇီကိုသည် အသင်းမှထွက်ခွာလိမ့်မည်ဖြစ်ကြောင်း မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီက ဝန်ခံပြောကြားခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒီဇီကိုသည် လက်ရှိတွင် မန်စီးတီးအသင်းနှင့်အတူ ရာသီအကြိုပွဲစဉ်များတွင် ပါဝင်ကစားလျက်ရှိပြီး မန်စီးတီးအသင်းက ရိုးမားအသင်းအား အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင်မူ ပါဝင်ကစားခဲ့ခြင်းမရှိခဲ့ပေ။ ထို့ပြင် အီတလီမြေသို့ ပြောင်းရွှေ့ကစားရန်လည်း ချိတ်ဆက်မှုများ ပြုလုပ်ထားကြောင်းသိရသည်။

တိုက်စစ်မှူး ဒီဇီကိုသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်းက ပြောင်းရွှေ့ကြေးပေါင် ၂၇ သန်းဖြင့် ဝုဖ်စ် ဘတ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက မန်စီးတီးအသင်းနှင့်အတူ လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုထားခဲ့သူဖြစ်သည်။

သို့ရာတွင် ပြီးခဲ့သည့်ဘောလုံးရာသီကမူ တိုက်စစ်မှူး ဒီဇီကိုသည် မန်စီးတီးအသင်းအတွက် ပရီမီယာလိဂ် သွင်းဂိုးလေးဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။ ဘော့စနီးယားကြယ်ပွင့် ဒီဇီကိုသည် မန်စီးတီးအသင်းသို့ ရောက်ရှိလာခဲ့သည့် ၂၀၁၁ ခုနှစ်မှစတင်ကာ မန်စီးတီးအသင်းနှင့်အတူ ပွဲပေါင်း ၁၃၀ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၅၀ အထိသွင်းယူပေးနိုင်ခဲ့သည်။ ဘော့စနီးယားလက်ရွေးစင်အသင်းတွင်မူ ၂၀၀၇ ခုနှစ်ကတည်းက စတင်ပွဲထွက်ကစားပေးခဲ့သူဖြစ်ပြီး နိုင်ငံအသင်းအတွက် ပွဲပေါင်း ၇၂ ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုး ၄၂ ဂိုးသွင်းယူ ပေးထားနိုင်ခဲ့သည်။ **[ငွေကြယ်]**

# ဝင်းဂါးအလိုရှိသော မည်သည့်ကစားသမားကိုမဆို အာဆင်နယ်ဝယ်ယူနိုင်



**အာဆင်နယ်ဒါရိုက်တာ လော့ဟားရစ်က အာဆင်နယ်အနေဖြင့် ယခုနွေဈေးကွက်၌ အပြောင်းအရွှေ့စရိတ် ပေါင်သန်း၂၀၀ခန့်အထိ အသုံးပြုနိုင်သောကြောင့် မက်ဆီနှင့်စီရိုနယ်လ်ဒိုမှလွဲ၍ နည်းပြအာစင်ဝင်းဂါးအလိုရှိသော မည်သည့်ကစားသမားကိုမဆို ဝယ်ယူနိုင်စွမ်းရှိနေသည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။**

ပြီးခဲ့သည့်ရက်ပိုင်းကပင် ဝင်းဂါးက အာဆင်နယ်အနေဖြင့်ယခင်က ပရီမီယာလိဂ်ဖလားကို စိန်ခေါ်နိုင်မှုမရှိခြင်းမှာ ဘတ်ဂျက်အနေအထားကြောင့်ဖြစ်သော်လည်း ယခုမူ လိုချင်သည့် လူစာရင်းအတိုင်း ရရှိရန် တည်ဆောက်နိုင်ပြီဟု ယုံကြည်ထားကြောင်း ဆိုခဲ့သည်။

အာဆင်နယ်သည် ကွင်းဟောင်း ဟိုက်ဘူရီမှ အမ်းမရိတ်စ်ကွင်းသစ်ကြီးသို့ ပြောင်းရွှေ့ခဲ့ရာ ဘဏ္ဍာရေးအနေအထားကြောင့် ကလပ်အသင်း၏ သော့ချက်ကစားသမားများဖြစ်သော ဗန်ပါစီ၊ နာဆရီနှင့် ဖာဘရီဂတ်စ်တို့အား ရောင်းချခဲ့ရသည်။

ချယ်လ်ဆီး၊ မန်ယူနှင့် မန်စီးတီးတို့ ငွေကြေး အမြောက်အမြားသုံးစွဲနေချိန်တွင် အာဆင်နယ်အနေဖြင့် ရှိရင်းစွဲနာမည်ကြီးကစားသမားကို ရောင်းချနေခဲ့ရသော်လည်း ၂၀၁၃တွင် အိုဇေးလ်အတွက် ပေါင် ၄၂ သန်း၊၂၀၁၄၌ဆန်းချက်ဇ်အား ပေါင် ၃၅သန်းအထိသုံးစွဲကာ ခေါ်ယူခဲ့ပြီး အသင်း၏ ဘဏ္ဍာရေးတောင့်တင်းလာမှုကို ပြသနိုင်ခဲ့သည်။

ဝင်းဂါးသည် ရီးယဲလ်တိုက်စစ်မှူး ဘင်ဇီမာအားခေါ်ယူရန် ချိတ်ဆက်မှုများ ပြုလုပ်နေသော်လည်း ကစားသမားကိုယ်တိုင်ကပင် ရီးယဲလ်မှ ထွက်ခွာမည် မဟုတ်ဟုဆိုခဲ့သည်။ သို့သော် ဟားရစ်က ဝင်းဂါးသာ ခေါ်ယူချင်ပါက ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် အရခေါ်ယူပေးမည်ဟုဆိုခဲ့သည်။

"အခုကျွန်တော်တို့တွေ ဝင်းဂါး အလိုရှိနေတဲ့ ကစားသမားစာရင်းကိုရပြီးပါပြီ။ သူက ဗဟိုတိုက်စစ်မှူး နေရာမှာ ကစားနိုင်မယ့်ကစားသမားတစ်ဦးကို ခေါ်ယူချင်ပေမယ့် နာမည်တော့ကျွန်တော် ထုတ်ပြောမှာမဟုတ်ပါဘူး။ နာမည်ကျော် ကစားသမားတွေကို ကလပ်အသင်းတော်တော်များများက အလိုရှိနေကြပြီး သူတို့ရဲ့မိခင် ကလပ်အသင်းတွေကလည်း လက်မလွှတ်ချင်ဘူးဆိုတာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အကြောင်းအရာပါပဲ။ ဒါပေမယ့်စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ကမ်းလှမ်းလာမယ်ဆိုရင်တော့ နောက်ဆုံး လက်သင့်ခံလိုက်ရတာချည်းပါပဲ။ မက်ဆီနဲ့ စီရိုနယ်လ်ဒိုတို့လို ဘယ်လိုမှရောင်းမှာမဟုတ်တဲ့ကစားသမားနှစ်ဦးကလွဲရင် ကျန်တဲ့ဘယ်ကစားသမားကိုမဆို ဝင်းဂါးအလိုရှိရင် ခေါ်ပေးဖို့အသင့်ပါပဲ"ဟု ဟားရစ်က ပြောကြားခဲ့သည်။

မေလွဲ့သင်း - စုစည်းသည်

# စီရိုနယ်လ်ဒို နှင့် ရာမို့စ် တို့အား ဘင်နီတက်ဇ် တွေ့ဆုံဆွေးနွေး

ရီးယဲလ်နည်းပြသစ် ဘင်နီတက်ဇ်က စီရိုနယ်လ်ဒိုနှင့် ရာမို့စ်တို့အားသီးခြားခေါ်ယူတွေ့ဆုံကာ ၎င်းတို့နှစ်ဦး၏အနာဂတ်နှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်ဟု ဂိုးလ်ဒေါ့ကွန်းကဖော်ပြသည်။

ရီးယဲလ်မက်ဒရစ်၏ လေ့ကျင့်ရေးအစီအစဉ်တွင် စီရိုနယ်လ်ဒိုသွင်းယူခဲ့သော ဂိုးတစ်ဂိုးအားခွင့်မပြုခဲ့သည့် ဘင်နီတက်ဇ်၏ ဆုံးဖြတ်ချက်အပေါ် ကစားသမားက ဒေါသတကြီးတုံ့ပြန်ခဲ့ပြီးနောက် စီရိုနယ်လ်ဒိုအနေဖြင့် ရီးယဲလ်တွင်မပျော်မရွှင်ဖြစ်နေသည်ဟု သတင်းများထွက်ပေါ်လာခဲ့သည်။

ဇူလိုင် ၂၂ရက်တွင် ပြုလုပ်ခဲ့သော ကလပ်အသင်းလေ့ကျင့်ရေးအစီအစဉ်တွင် စီရိုနယ်လ်ဒိုက ဘင်နီတက်ဇ်ဘက်သို့ မျက်နှာမူကာ ဒေါသတကြီးဖြင့်အော်ဟစ်ခဲ့မှုကို ကွာဒရိုရုပ်မြင်သံကြား၌ာန၏ ကင်မရာရိုက်ချက်များတွင်မြင်တွေ့ခဲ့ရသည်။ စီရိုနယ်လ်ဒိုက ဘင်နီတက်ဇ်အနေဖြင့် သူပြုလုပ်သမျှဆောင်ရွက်မှုများကို ငြင်းပယ်နေသည်ဟု စွပ်စွဲခဲ့ရာ ယင်းဖြစ်ရပ်မှာ သူတို့နှစ်ဦးကြားဆက်ဆံရေးမပြေလည်မှုကို မီးမောင်းထိုးပြသရာရောက်စေခဲ့သည်ဟု စပိန်မီဒီယာများက ဖော်ပြသည်။ သို့ရာတွင် ဘင်နီတက်ဇ်က ရိုနယ်လ်ဒို၏ လေ့ကျင့်ရေးကွင်းမှာပင် တိုက်ပွဲဝင်စိတ်ပြင်းထန်လွန်းသည့်စိတ်ဓာတ်ခွန်အားကို မြင်တွေ့ရမည့် သာမန်ကိစ္စရပ်သာဖြစ်သည်ဟု တုံ့ပြန်ခဲ့သည်။

ရာမို့စ်မှာလည်း ရီးယဲလ်၏ အပြောင်းအရွှေ့မူဝါဒနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များကြောင့် မပျော်မရွှင်ဖြစ်နေပြီး ရီးယဲလ်မှ ထွက်ခွာရန်ဆန္ဒရှိနေသူဖြစ်သည်။ သို့သော်ဘင်နီတက်ဇ်က စီရိုနယ်လ်ဒိုနှင့် ရာမို့စ်တို့နှစ်ဦးစလုံးအား သီးခြားတွေ့ဆုံဆွေးနွေးပြီးနောက် ၎င်းတို့နှစ်ဦးသည် ရီးယဲလ်၏အနာဂတ်တွင်လည်း အရေးပါသည့် ကစားသမားနှစ်ဦးဖြစ်သောကြောင့် ကလပ်အသင်း၌သာ ဆက်ရှိရန် သေချာကြောင်း ပြောကြားခဲ့သည်။ ❒❒



## သက်တမ်းရင့်အပင်ကြီး ရာသီဥတုဒဏ်ကြောင့် လဲကျ လျှပ်စစ်မီးကြိုး ပြတ်ကျ၍ လမ်းပိတ်ဆို့မှုဖြစ်



**မကွေး ဇူလိုင် ၂၄**

မကွေးမြို့၏အရှေ့အနောက်သွား အဓိက လမ်းမကြီးဖြစ်ပြီး အထက်တန်းကျောင်း နှစ်ကျောင်း တည်ရှိရာ အထက(၁)လမ်းပေါ်မှ သက်တမ်းနှစ်(၈၀)ကျော် ထနောင်းပင်ကြီးမှာ အပင်ခြေမိုးရေတိုက်စားမှုနှင့် အပေါ်ပိုင်းဝန်အားမြင့်လာမှုကြောင့် ဇူလိုင် ၂၃ရက် ညနေ ၃ နာရီခန့် ကျောင်းဆင်းချိန်တွင် လမ်းမကြီးပေါ် ကန့်လန့်ဖြတ်လဲကျခဲ့ကြောင်း သိရသည်။

အထက(၁)လမ်းနှင့် မန်ကျီးပင်လမ်းထောင့်မှ အဆိုပါထနောင်းပင်ကြီး လဲကျမှုကြောင့် အေးစေတီ ဘုရားအနောက်ဘက် အကြော်ဆိုင်ရှေ့တွင် ရပ်ထားသော သုံးဘီးယာဉ်တစ်စီး၏ ခါးလယ်သို့ ကိုင်းဖျားများပိပြီး အနီးပတ်ဝန်းကျင်ရှိ ဆိုင်ကယ်နှစ်စီးပါ ထိခိုက်ပျက်စီးမှုများ ရှိခဲ့သော်လည်း လမ်းသွားလမ်းလာများ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

မကွေးမြို့၏ အဓိကလမ်းမကြီးများ လမ်းဘေး ဝဲ၊ ယာတွင် သက်တမ်းရင့် အပင်ကြီးများရှိနေပြီး ရာသီဥတုဒဏ်ကြောင့် သစ်ပင်ကိုင်းများ ကျိုးကျခြင်း၊ အပင်လဲကျခြင်းများ ဖြစ်ပေါ်နိုင်သောကြောင့် သစ်ကိုင်းများခုတ်ရန် လိုအပ်နေကြောင်း၊ အပင်လဲကျမှုတွင် ဓာတ်တိုင် ခုနစ်တိုင်မှ မီးကြိုးများ လျော့ကျခြင်း၊ ပြတ်ကျခြင်းများ ဖြစ်ပေါ်ခဲ့သည့်အတွက် လျှပ်စစ်မီးလိုင်းများနှင့် မလွတ်ကင်းသည့် သစ်ကိုင်းများအား နှစ်စဉ်ရှင်းလင်း ဆောင်ရွက်ပေးသင့်ကြောင်း ဒေသခံများက ဆိုသည်။

အဆိုပါ သစ်ပင်လဲကျမှုကို မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးအောင်ဝင်းစိန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## သုဿာန်ဇရပ်အတွင်း မူးယစ်ဆေးရောင်းချ၊ သုံးစွဲသူများအား ဖမ်းဆီး

**ဗန်းမော် ဇူလိုင် ၂၄**

ဗန်းမော်မြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ကျေးရွာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ဝင်များသည် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ဗန်းမော်မြို့နယ် သိန်လင်ကျေးရွာ သချိုင်းဇရပ်တွင် မူးယစ်ဆေးဝါး ရောင်းချနေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ စိန်မြင့်၊ နိုင်မိုး၊ တင်စိုးနှင့် သာထူးတို့ထံမှ ဘိန်းဖြူမှုန့် နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ တွေ့ရှိခဲ့ကြောင်း သိရသည်။

ထိုသို့ ရှာဖွေတွေ့ရှိသဖြင့် သာထူး (၃၉)နှစ် ဗန်းမော်မြို့နယ် မံဖာကျေးရွာ၊ စိန်မြင့်(ခ)ဇင်မင်းထိုက် (၃၅)နှစ် ဗန်းမော်မြို့နယ် ဟန်းတဲကျေးရွာ၊ နိုင်မိုး(၂၆)နှစ် မိုင်းကာကျေးရွာ ဗန်းမော်မြို့နယ်၊ တင်စိုး (၃၇)နှစ် ရွှေကျီးနားရပ်ကွက် ဗန်းမော်မြို့နယ်နေသူတို့အား အရေးယူထားကြောင်းသိရသည်။

**(မိုးမြိုင်မှည်ဟိန်း)**

## လားရှိုးမြို့ ဟိုပိတ်အေးရှားဝေါလ်တိုးဂိတ်တွင် ခဲယမ်းများသိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရွှေလီစစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုး၊ မူးယစ်တပ်ဖွဲ့စု(၁၀၂)နေပြည်တော်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ ဟိုပိတ်အေးရှားဝေါလ်တိုးဂိတ်တွင် မူဆယ်မှလားရှိုးသို့ ဇော်လင်းစိုး မောင်းနှင်ပြီး နိုင်ဦးလိုက်ပါလာသည့် ယာဉ်ကိုရှာဖွေရာ ယာဉ်နောက်ခန်းရှိ ခရီးဆောင်အိတ်အတွင်းမှ တရုတ်နိုင်ငံလုပ် ၄၀ မမ ရော့ကက်ခွင်းဗုံး တစ်လုံး၊ ၄၀ မမ ရော့ကက်ပို့ ကျည်ယမ်းတောင့် လေးတောင့်၊ ပြောက်ကျားဘောင်းဘီ ရှည်နှစ်ထည်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ဇော်လင်းစိုး(ခ)အိုက်ပဲ(၃၁)နှစ်နှင့် နိုင်ဦး (၂၈)နှစ်တို့နှစ်ဦးအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## လူကုန်ကူးမည်ဟုယူဆရသော အပေါင်းအပါများအား ခေါ်ယူစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၄**

ကြည့်မြင်တိုင်မြို့နယ် သီတာရပ်ကွက်နေသူ ဒေါ်စန်းထွေးသည် သမီး မယုယုထွေး(၂၀)နှစ် သီတာရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်နေသူအား ဇူလိုင် ၂၂ ရက် ည ၁၀ နာရီခန့်က တရုတ်နိုင်ငံသားတစ်ဦးထံ ငွေကျပ်သိန်း ၃၀ ဖြင့် ဇနီးမယားအဖြစ် ရောင်းချခဲ့ကြောင်း တာဝန်သိပြည်သူတစ်ဦးက ကြည့်မြင်တိုင်မြို့မရဲစခန်းသို့ သတင်းပေးတိုင်ကြားချက်အရ တာဝန်မှူးရဲအုပ်စိုးကျော်စွာ နှင့်အဖွဲ့က ဒေါ်စန်းထွေးအားကြည့်မြင်တိုင်မြို့မရဲစခန်းသို့ ခေါ်ယူမေးမြန်းခဲ့သည်။

သမီးဖြစ်သူနှင့် လက်ထပ်မည့်တရုတ်နိုင်ငံသားတို့သည် မကျည်းတန်းမြောက်အနောက်ရပ်ကွက် ကမ်းနားလမ်းခြောက်လွှာတွင် တည်းခိုနေ ထိုင်ကြောင်းသိရသဖြင့် အဆိုပါတိုက်ခန်းသို့သွားရောက်ရှာဖွေရာ မယုယုထွေးအား မတွေ့ရှိဘဲ ၎င်းနေအိမ် တွင် မလှလှမိုး၊ မအေးသန္တာ၊ မအေးအေးသန်းနှင့် တရုတ်နိုင်ငံသားတို့အား တွေ့ရှိရသဖြင့် ရဲစခန်းသို့ ခေါ်ယူမေးမြန်းခဲ့သည်။

လှိုင်မြို့နယ် ရွာမကွေ့အနီးရှိ ဟိုတယ်တွင် မယုယုထွေးတည်းခိုနေထိုင်ကြောင်း သိရသဖြင့် သွားရောက်ရှာဖွေရာ မယုယုထွေးနှင့်အတူ ၎င်းနှင့်လက်ထပ်မည့် တရုတ်နိုင်ငံသားနှစ်ဦးတို့အား တွေ့ရှိသဖြင့် ကြည့်မြင်တိုင် မြို့မရဲစခန်းသို့ ခေါ်ယူစစ်ဆေးလျက်ရှိပြီး ဇူလိုင် ၂၃ ရက် နံနက်စနာရီတွင် ရန်ကုန်တိုင်းဒေသကြီး အမှတ် (၆)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (ရန်ကုန်)မှ ဒုတိယရဲမှူးမျိုးသိန်းနှင့်အဖွဲ့က တရုတ်နိုင်ငံသားလေးဦး၊ မြန်မာအမျိုးသားတစ်ဦး၊ မြန်မာအမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၂ ဦး တို့အား အထောက်အထားများနှင့်အတူ ကြည့်မြင်တိုင်မြို့မရဲစခန်းမှ လွှဲပြောင်းရယူကာ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

**ဒီမိုကရေစီ အနှစ်သာရ ခံစားလိုက အခွန်ပေးကြ**

**အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း**

ရန်ကုန်မြို့၊ အမှတ်(၄၉)၊ ပါရမီအိမ်ရာ၊ လှိုင်မြို့နယ်နေ ဦးစိန်သန်းဦးမှ ရန်ကုန်မြို့၊ အမှတ်(၁၄)၊ စွန်းလွန်းဂူကျောင်းလမ်း၊ (၁၆) ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးလှမြင့် ၏သား ဦးခင်မောင်လေး(၁၂/တမန(နိုင်)၀၉၇၀၃၆)သို့ လွှဲအပ်ထားသည့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၆-၁၂-၂၀၁၄ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၇၃၇/၂၀၁၄ အား ၂၂-၇-၂၀၁၅ ရက်မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

ဦးစိန်သန်းဦး
(၁၃/ရစန(နိုင်)၀၀၈၁၀၉)

**Total Skin Repair**

ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ မျက်နှာအမာရွတ်၊ ချိုင့်ခွက်နှင့် အရေးကြောင်းများ ပြုပြင်ရေး Center

- ➢ရန်ကုန်ဆိုင်ခွဲ(၁)။ ။ ဘုရင့်နောင်တာဝါ 2(A) လှည်းတန်း၊ Ph:01-532183, 09-2053186
- ➢ရန်ကုန်ဆိုင်ခွဲ(၂)။ ။ ရွှေအုန်းပင်အိမ်ရာ(၂)၊ ရန်ကင်း၊ ရန်ရှင်းလမ်းမကြီး။ Ph:09-2000926
- ➢ရန်ကုန်ဆိုင်ခွဲ(၃)။ ။ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ဝါဝါဝင်းကွန်ဒို၊ မောင်ဝိတ်ကွန်ဒိုနှင့် ကပ်လျက်၊ မင်္ဂလာတောင်ညွန့်။ Ph:01-393097,09-91019264
- ➢ရန်ကုန်ဆိုင်ခွဲ(၄)။ ။ တိုက် 24(B)၊ အခန်း(002)၊ မြေညီထပ်၊မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်။ Ph:09-798807911, 798807912
- ➢ရန်ကုန်ဆိုင်ခွဲ(၅)။ ။ အမှတ်(11)C၊ မြေညီထပ်၊ ကျောက်ကုန်းလမ်းမ၊ အထက(၂)ကျောင်းဘေး၊ ရန်ကင်းမြို့နယ်။ Ph:09-798734478, 258304048

**ဦးတင်အောင်နှင့် အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ဥက္ကာလမ်း၊ အမှတ်(၆၇၇/က)နေ ဒေါ်မြင့်မြင့်အေး[၁၂/လသယ(နိုင်)၀၈၁၂၃၅]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

လူကြီးမင်းနှင့် ကျွန်ုပ်၏မိတ်ဆွေတို့သည် လွန်ခဲ့သော ၂၀၀၅ ခုနှစ်မှ စတင်၍ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ပေါင်းသင်းနေထိုင်လာခဲ့ကြပါသည်။ ထိုသို့ လက်ထပ်ပေါင်းသင်းစဉ်ကာလအတွင်း ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်၊ ဥက္ကာလမ်း၊ အမှတ်(၆၇၇/က)ဟု ခေါ်တွင်သော ပေ(၂၀×၆၀) မြေကွက်၏ခေါင်းရင်းခြမ်းပေ(၁၀×၆၀) မြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် RC(၁)ထပ်လူနေအိမ်တစ်လုံး ထွန်းကားခဲ့ပါသည်။ အဆိုပါ လက်ထက်ပွားပစ္စည်းနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောဆန္ဒမပါဘဲ အခြားသူ တစ်ဦးတစ်ယောက်အား တစ်ဆင့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုပါရန်နှင့် တစ်စုံတစ်ရာပြုလုပ်ဆောင်ရွက်ခဲ့ပါ က တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဦးတင်အောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကြည်လွင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၁၂၆၇)
အမှတ်(၂၅၂/ခ)၊ လှိုင်ရတနာလမ်း၊ (၁၂) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၀၉၇၁၄၊ ၀၉-၂၅၄၅၂၅၆၇၈

**အားမာန် ပညာ့ရိပ်သာ**
**B.Ed ဝင်ခွင့်/ဖွင့်ပြီ**
**Exam Guide ထွက်ပြီ**
အမှတ် ၉၀ (၅ လွှာ)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၁-၃၇၄၄၇၀ ၀၉-၂၅၀၃၁၂၃၇၉

**ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်**

၁။ ဒဂုံတက္ကသိုလ်မျက်စောင်းထိုး၊ စက်မှုဇုန်များအနီး၊ တက္ကသိုလ်ရိပ်မွန်အရှေ့၊ မျက်နှာစာနှစ်ဖက်ပါ၊ မင်းရဲကျော်စွာလမ်းနှင့် ကျန်စစ်သားလမ်းထောင့်၊ ကျန်စစ်သားလမ်းမကြီးပေါ် မျက်နှာစာပေ ၁၀၀၊ Sqft 6324၊ ဘဏ်ဖွင့်လိုသူများအတွက် နေရာကောင်း၊ မည်သည့်ဘဏ်မှ မရှိသေးသောနေရာ၊ Super Market၊ အိမ်ဆောက်ပစ္စည်းဆိုင်၊ လက်ဖက်ရည်ဆိုင်ကြီးများ ဖွင့်လိုသူများအတွက် နေရာကောင်း၊ ငွေရှိပြီး ဘာမှမလုပ်တတ်သူများအတွက် စီးပွားရေးလုပ်ရန်ကောင်းသောနေရာ အချက်အချာကျ၊ ခြံစည်းရိုးခတ်ပြီး ရေ၊ မီး၊ ပါ။ **ကျပ်သိန်း(၄၉၀၀)**

၂။ သန်လျင်မြို့အဝင်တွင် အေးအေးဆေးဆေးနေလိုသူများအတွက် ဗိုလ်ချုပ်နေဝင်းလမ်းမကြီးပေါ် မြေအကျယ်ပေ(၅၅×၁၄၅)၊ ပြင်ဆင်ပြီး အသင့်နေထိုင်နိုင်သော ရှေးဟောင်းနှစ်ထပ်အိမ်ကြီး(၁)လုံးပါ၊ ဘဏ်ဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊ လုံးချင်းအိမ်ဖြင့် နေလိုသူများအတွက် ကွန်ဒိုတိုက်ခန်းဈေး(၁)ခန်းမျှသာရှိသော အလွန်သက်သာသော ဈေးနှုန်း၊ Master bed room(၂)ခန်း၊ ရိုးရိုးအိပ်ခန်း(၁)ခန်း၊ အောက်ထပ်ကြမ်းခင်း တစ်ခုလုံးကြွေပြားအပြည့်ခင်း၊ ရေ၊ မီးအပြည့်အစုံ။ **ကျပ်သိန်း(၃၅၀၀)**

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၁-၅၆၀၇၈၇၊ ၀၁-၅၇၂၂၂၄

# လက်ဆောင်ကိုအခုသုံး တစ်ပြည်လုံး နောင်ချမ်းသာ

ကျန်းမာရေးဆောင်းပါး

၂၀၁၁ ခုနှစ်ကစ၍ အသည်းရောင်ဘီပိုး၏ အစိတ်အပိုင်း HB3Ag ကို စတင်တွေ့ရှိခဲ့သော ဒေါက်တာဘလမ်းဘက်ရဲ့ မွေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ဇူလိုင် ၂၈ ရက်ကို ကမ္ဘာ့အသည်းရောင်နေ့ World Hepatitis Day ဟု သတ်မှတ်ခဲ့ပါသည်။ ယခင်က ရာသီဉတုနှင့်သင့်တော်ရာရက်များတွင် ပြည်သူလူထု အသိပညာပေးဟောပြောလှုပ်ရှားမှုများကို သင့်တော်သလိုဆင်ယင်ကျင်းပခဲ့ကြသော်လည်း ၂၀၁၁ ခုနှစ် မှစ၍



ကုလသမဂ္ဂမှကျင်းပသော (United Nations Observance)နေ့ တစ်နေ့ဖြစ်လာခဲ့ပါသည်။ ရောဂါနှင့် ပတ်သက်၍ ကျင်းပသောနေ့ ၄ ခု ရှိပါသည်။

(၁) World Tuberculosis Day (ကမ္ဘာ့တီဘီရောဂါနေ့)

(၂) World Malaria Day (ကမ္ဘာ့ငှက်ဖျားရောဂါနေ့)

(၃) World AIDS Day (ကမ္ဘာ့ကိုယ်ခံစွမ်းအားကျ ကူးစက်ရောဂါနေ့)တို့ဖြစ်ပြီး

(၄) World Hepatitis Day မှာ စတုတ္ထမြောက်ရောဂါနှင့် ပတ်သက်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နေ့တစ်နေ့ဖြစ်လာခဲ့ပါသည်။

နှစ်စဉ်နှစ်တိုင်း ဆောင်ပုဒ်တစ်ခုဖြင့် ကျင်းပရာ ယခင်နှစ်များက ဆောင်ပုဒ်များမှာ မရေမရာအားမကောင်းသော ဆောင်ပုဒ်များဖြစ်ပါသည်။

(၁) သွေးစစ်ကြည့်မှ သိမယ်နော်

(၂) အသည်းရောင်ရောဂါ မေ့မရပါ။

(၃) တိတ်တခိုးပျံ့နှံ့၍ သေစေသော အသည်းခြောက် အသည်းကင်ဆာများဖြစ်စေသည့် အသည်းရောဂါများ ကင်းစင်အောင် ပိုမိုလုပ်ဆောင်ကြရမည်။

(၄) ကိုယ့်မှာ မဖြစ်သည့်အတွက် အသည်းရောင်ရောဂါသည် ကိုယ်နှင့်မဆိုင်ဟု မထင်ပါနှင့်။ သင်နှင့်မဝေး လက်တစ်ကမ်းတွင်ကူးဖို့ အသင့်စောင့်နေပါသည်။

(၅) အသည်းရောဂါသည် နေရာတိုင်း လူတိုင်းဖြစ်နိုင်သည်ကို သိပါ။ အသည်းရောဂါများကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပါ ဟူ၍ ဖြစ်ပါသည်။

၂၀၁၄ ခုနှစ်တွင် သိပ္ပံပညာနှင့် ဆေးပညာ တစ်ဟုန်ထိုးတိုးတက်လာပြီး အသည်းရောင်ဘီပိုး၊ စီပိုးများအတွက် တစ်ခေတ်ဆန်းခဲ့ပါသည်။ အထူးသဖြင့် အသည်းရောင်စီပိုးအတွက် တစ်ခေတ်ဆန်းခဲ့သည်ဟု ဆိုရပါမည်။

၂၀၁၀ ခုနှစ် ကမ္ဘာ့ကျန်းမာရေးညီလာခံကြီးက အသည်းရောင်ရောဂါများသည် အလွန်အရေးကြီးသော ရောဂါအုပ်စုဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကို စီမံချက်ချမှတ်၍ ဖော်ဆောင်ရန် တာဝန်ပေးညွှန်ကြားခဲ့ပါသည်။ ထို့အတွက် WHO ကမှ ၂၀၁၄ ခုနှစ်တွင် အသည်းရောင်စီပိုးရှာဖွေစစ်ဆေးမှု၊ စောင့်ရှောက်ကုသမှု၊ လမ်းညွှန်ကိုထုတ်ဝေခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် အသည်းရောင် ဘီပိုးရှာဖွေစစ်ဆေးစောင့်ရှောက်ကုသကာကွယ်မှုလမ်းညွှန်ကို ထုတ်ဝေနိုင်ခဲ့ပါသည်။ အမျိုးသားအသည်းရောင်စီမံချက်များ ရေးဆွဲရန် ဆော်သြခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသားအသည်းရောင် စီမံချက်ဖော်ဆောင်ရန် မျက်နှာစုံညီ အစည်းအဝေးနှစ်ကြိမ်တိုင် ကျင်းပပြီးဖြစ်ပါသည်။ အမျိုးသားစီမံချက် မကြာမီ ပေါ်ပေါက်လာမည်ဟု ထင်ပါသည်။

၂၀၁၅ ခုနှစ် ကမ္ဘာ့အသည်းရောင်နေ့၏ ဆောင်ပုဒ်မှာ Prevent Hepatitis:It's UP To You ဟုဖြစ်ပါသည်။ အလွန်သင့်လျော်၍ အလွန်အားကောင်းသော ဆောင်ပုဒ်တစ်ခု ဖြစ်ပါသည်။

ဆောင်ပုဒ်၏ အဓိပ္ပာယ်မှာ အသည်းရောင်ရောဂါများ ကင်းစင်ပပျောက်အောင် ပြုလုပ်ရေး၊ ကာကွယ်တားဆီးရေးအတွက် သိပ္ပံပညာနှင့် ဆေးပညာသည် အဆင်သင့်ဖြစ်လျက်ရှိနေပါသည်။ လူသားများမှ အကောင်းဆုံးဆွဲယူသုံးစွဲနိုင်ပါလျှင် အသည်းရောင်ပိုးများ ကမ္ဘာ့မြေမှာ ပျောက်ကွယ်သွားနိုင်သည်။ ရောဂါပိုးရှိသူများ၊ လူနာ၊ လူနာရှင်၊ လူနာ၏ မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများ၊ ရပ်ရွာလူထုများ ပရဟိတ အသင်းများ၊ ကျန်းမာရေးဌာနများ၏ စုပေါင်းဆောင်ရွက်မှု၊ တစ်ဦးစီပါဝင်မှု အပေါ်၌သာ မူတည်ပါတော့သည်။ စုပေါင်းခေါင်းဆောင်မှု ကောင်းလျှင်၊ တစ်ဦးလျှင် တက်တက်ကြွကြွ ပါဝင်လျှင် အောင်မြင်မှုကို ရနိုင်လေဟု အဓိပ္ပာယ်ရပါသည်။ ကမ္ဘာပေါ်တွင် အသည်းရောင်ပိုးများ၏ ဖြစ်နှုန်း၊ နာတာရှည်ဖြစ်နှုန်းကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

| | ပိုးဝင်ဖူးသော အရေအတွက် | နာတာရှည်ဖြစ်သော အရေအတွက် |
|---|---|---|
| အသည်းရောင် A ပိုး(HAV) | ၅ ဘီလျံ | မရှိ |
| အသည်းရောင် B ပိုး(HBV) | ၄ ဘီလျံ | ၃၅၀ မီလျံ |
| အသည်းရောင် C ပိုး(HCV) | ၂၀၀ မီလီယံ | ၁၇၀ မီလျံ |
| အသည်းရောင် D ပိုး(HADV) | ၁၇ မီလျံ | ၁၅ မီလျံ |
| အသည်းရောင် E ပိုး (HEV) | ၂ ဘီလီယံ | မရှိ |
| ကမ္ဘာ့လူဦးရေ | ၆ ဘီလီယံ | |

၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့အသည်းရောင်နေ့ အဓိက ပြည်သူလူထုအားသိစေချင်သည့် အချက်အလက် များမှာ

**(၁) ကူးစက်ပုံကူးစက်နည်းများကို သိစေခြင်း။**

သွေးမှတစ်ဆင့် ကူးသောရောဂါဖြစ်သဖြင့် ပိုးမကင်းစင်သော အပ်၊ ပိုးမကင်းစင်သော ဆေးပစ္စည်းကိရိယာ၊ သွားဘက်ဆိုင်ရာကိရိယာ၊ သွားပွတ်တံ၊ မုတ်ဆိတ်ရိတ်ကိရိယာတို့ကို မသုံးမိစေရန် သတိထားရမည်။

(၂) ပိုးမကင်းစင်သော ဆေးထိုးအပ်၊ ဆေးပစ္စည်းကိရိယာ၊ သွားပစ္စည်းသုံးကိရိယာ၊ နားဖောက်ခြင်း၊ မြန်မာဆေးစုတ်ပေါက်ခြင်း၊ အပ်စိုက်ခြင်း၊ အရေပြားအလှဆင်ဆေးမှင်အရုပ်များထိုးခြင်း၊ ကိုယ်တွင်သတ္တုသီးများ၊ အဆွဲများဖောက်၍ တပ်ခြင်း၊ မူးယစ်အကြောဆေးသုံးခြင်းတို့မှ နှစ်စဉ်ကူးစက်လျက်ရှိပါသည်။ ဆေးရုံ၊ ဆေးခန်း၊ သွားဆေးခန်းများကို ပိုးသန့်စင်မှုအတွက် အထူးကြီးကြပ်ရန်၊ ဆေးရုံပိုးမွှားကူးစက်မှု ထိန်းသိမ်းရေးကော်မတီများမှ အထူးကြိုးစားဆောင်ရွက်ရန် လိုပါမည်။

(၃) အသည်းရောင်ဘီပိုး စီပိုးသည် သွေးစစ်ကြည့်မှသိနိုင်သဖြင့် လူတိုင်းလူတိုင်း သွေးစစ်ကြည့်ရပါလိမ့်မည်။ သွေးစစ်ကြည့်သောအခါ အသည်းရောင်ဘီပိုးမရှိပါက လူတိုင်းကာကွယ်ဆေး သုံးကြိမ်အပြည့်ထိုးပြီး ကာကွယ်ထားရပါမည်။ အသည်းရောင်ဘီပိုးရှိသူများ သင့်တော်သောအချိန်တွင် နှစ်ရှည်လများဆေးစား၍ ပိုးပွားမှုကို ကာကွယ်ခြင်းအားဖြင့် မိမိကိုယ်တွင် အသည်းခြောက်၊ အသည်းကင်ဆာမဖြစ်ခြင်း၊ အခြားသူအား ကူးစက်မှုမဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများရပါမည်။ အသည်းရောင်စီပိုးအတွက် ကာကွယ်ဆေးမရှိသော်လည်း အချိန်ကာလတိုအတွင်း ပျောက်ကင်းကုသနိုင်သည့် လွယ်ကူသောစားဆေးကုထုံးများဖြစ်သဖြင့် လုံးဝ ကြောက်ရန်၊ နောက်တွန့်ရန်မရှိတော့ပါ။ ဆေးများလည်း မကြာမီအတွင်း လက်လှမ်းမီပါတော့မည်။

(၄) ရေကောင်းရေသန့်ရရှိရန် ဆောင်ရွက်ခြင်း၊ သန့်ရှင်းသော အစားအစာများ ရရှိရန် ဆောင်ရွက်ခြင်း၊ အစားအသောက်များရောင်းချရာတွင် စနစ်တကျရှိစေခြင်း၊ သန့်စင်ခန်းတိုင်းတွင် လက်ဆေးရန်နေရာရှိစေပြီး သန့်စင်ခန်းသွားပြီးသူတိုင်း လက်ဆေးသောအကျင့်ကို ပြုစေခြင်း၊ အစာမစားမီ လက်ကိုသန့်ရှင်းစွာ ဆပ်ပြာနှင့် ဆေးခြင်းတို့ဖြင့် အသည်းရောင် Aပိုးနှင့် E ပိုးကို ကာကွယ်နိုင်ကြပါလိမ့်မည်။ ယခုနှစ်ဆောင်ပုဒ်သည် အသည်းရောင်ရောဂါများ ကာကွယ်ရေးအတွက် မိမိတို့ရရှိထားသော ရောဂါပိုးအကြောင်း၊ ကုထုံးများ အကြောင်း၊ ကာကွယ်ဆေးများအကြောင်းကို သိရှိ၍ သုံးတတ်အောင်၊ အသုံးချနိုင်အောင် စုပေါင်းဆောင်ရွက်ပြီး ကိုယ်စီကိုယ်ငှ ပါဝင်ကြရန် ဆော်သြလိုက်သော ဆောင်ပုဒ်ဖြစ်ပါသည်။ အဓိပ္ပာယ်တူသော ၂၀၁၅ ခုနှစ် ကမ္ဘာ့အသည်းရောင်နေ့ ဆောင်ပုဒ်မှာ "Prevent Hepatitis, Act Now" အသည်း ရောင်ကာကွယ်ရေးများ အခုလုပ်ကြဟု ဆိုလိုပါသည်။

**ကြေးမုံ**

■ ■ ■

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း ပထမအကြိမ် ထူးချွန်သတင်းဆုပေးပွဲနှင့် ပညာရေးလှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာနိုင်ငံ သတင်းစာဆရာ အသင်း (အင်းစိန်မြို့နယ်) အဖွဲ့ဝင်များမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ မြန်မာနိုင်ငံထုတ် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များတွင် သတင်းပုဒ်ရေ အများဆုံးရေးသားနိုင်ခဲ့သူတစ်ဦးကို ထူးချွန်သတင်းဆု(က) ပေးမည်ဖြစ်ကြောင်းနှင့် တိုင်းပြည်နှင့် လူမျိုးကို အမြန်ဆုံးထိရောက်စွာ အကျိုးပြုပေးနိုင်သည့် သတင်းတစ်ပုဒ်ကို ရေးသားပေးနိုင်ခဲ့သူတစ်ဦးအား ထူးချွန်သတင်းဆု(ခ) ပေးအပ်မည်ဖြစ်ကြောင်း၊ အကျိုးပြုဓာတ်ပုံ ထူးချွန်ဆု(ဂ)ကိုလည်းကောင်း အသီးသီးချီးမြှင့် မည်ဟု မြန်မာနိုင်ငံသတင်းစာဆရာအသင်း(အင်းစိန်) အလုပ်အမှုဆောင်များကပြောသည်။

အဆိုပါ မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း၊ အင်းစိန်မြို့နယ်၏ ပထမအကြိမ် ထူးချွန်သတင်းဆုပေးပွဲနှင့် သတင်းစာရင်သွေး ပညာရည်မြင့်မားရေး၊ ပညာရေးလှူဒါန်းပွဲ အခမ်းအနားကို အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းတွင် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အခမ်းအနား၌ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော သတင်းစာဆရာအသင်းဝင်များ၏ သား၊ သမီးများအား ဂုဏ်ပြုချီးမြှင့် မည်ဖြစ်ကြောင်းနှင့် အဆိုပါအခမ်း အနားအတွက် အလှူငွေများကိုလည်း သတင်းစာဆရာအသင်း ဥက္ကဋ္ဌ(အင်းစိန်) ဖုန်း-၀၁၆၄၇၁၆၃၊ ၀၉၃၀၀၂၃၉၇၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းလည်း သိရသည်။

**၆၈၄**

## မကွေးမြို့၌ အစိုးရအရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာအလုပ်ရုံသင်တန်းဖွင့်

**မကွေး ဇူလိုင် ၂၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့မှ မကွေးတိုင်းဒေသကြီးအတွင်းရှိ အစိုးရအရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ လုပ်ရုံသင်တန်း ဖွင့်ပွဲကို ဇူလိုင် ၂၂ရက် နံနက် ၉ နာရီခွဲက မကွေးမြို့ အဆင့်မြင့် မြို့တော်ခန်းမတွင် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က အလုပ်ရုံသင်တန်းနှင့် ပတ်သက်၍ လူ့အခွင့်အရေးဟူသည် လူသားတိုင်းနှင့် သက်ဆိုင်ပြီး တည်ဆဲ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခံစားကျင့်သုံးခွင့်ရှိကြောင်းကို ပြောကြားခဲ့သည်။

ထို့အပြင် ၎င်းက လူ့အခွင့်အရေးဆိုင်ရာ အသိပညာ ဗဟုသုတများကို တာဝန်ရှိသူများနှင့် ပြည်သူလူထုမှ သိရှိကြရန် လိုအပ်ပါကြောင်း၊ လူ့အခွင့်အရေးကို လေးစားလိုက်နာကြရန်လည်း အလွန်အရေးကြီးပါကြောင်း၊ ဒီမိုကရေစီကို တည်ဆောက်နေသည့် အချိန်မှာ နိုင်ငံသားများအနေနှင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို မှန်မှန်ကန်ကန် သိရှိနားလည်ပြီး ကျင့်သုံးလိုက်နာတတ်ဖို့ အလွန်အရေးကြီးပါကြောင်းကို ဆက်လက် ပြောကြားခဲ့သည်။

ထိုသင်တန်းသို့ မကွေးတိုင်းဒေသကြီးအတွင်းမှ အစိုးရအရာထမ်း ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်သည်။ ထိုသင်တန်းတွင် လူ့အခွင့်အရေးကော်မရှင်ဒုဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့်ကော်မရှင်အဖွဲ့ဝင်နှစ်ဦးတို့က လူ့အခွင့်အရေးသမိုင်းကြောင်းနှင့် အယူအဆ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပြဋ္ဌာန်းချက်ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်သုံးခု၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အကြောင်းနှင့် တိုင်တန်းချက်များ အပေါ်ကော်မရှင်မှ ဆောင်ရွက်ချက် များစသည့်ဘာသာရပ်များကို ရှင်းလင်း ပို့ချကြောင်းသိရသည်။

**ကျော်ဇေယျ**

## စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၁/ ၂၀၁၅) ဖွင့်

**ငါးသိုင်းချောင်း ဇူလိုင် ၂၄**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ရုပ်သံခန်းမတွင် ဇူလိုင် ၂၃ ရက်က စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၁/ ၂၀၁၅) အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းသင်တန်းကိုရပ်ကွက်၊ကျေးရွာ ၃၈ အုပ်စုမှ စာကြည့်တိုက်မှူး ၂၅ဦး တက်ရောက်၍ နှစ်ရက်ကြာဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပေးအပ်မည်ဖြစ်သည်။ **စိုးမင်းဦး(ပြန်/ဆက်)**

## ဝက်လက်မြို့နယ် ကျေးရွာသမအသင်းများသို့ ချေးငွေထုတ်ချေး

**ဝက်လက် ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သမဝါယမဦးစီးဌာနမှ Exim Bank ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ခြောက်လတစ်ကြိမ် ပြန်ဆပ်စနစ်ဖြင့် ချေးပေးလျက်ရှိ ရာ စတုတ္ထအကြိမ်အဖြစ် အခြေခံသမအသင်း၁၄၆သင်းမှ အသင်းသား၏၁၃၆၆၄ ဦးအားငွေကျပ်သိန်းပေါင်း ၁၄၀၀၀ ကျော်ကိုလည်းကောင်း၊ ငွေ ကျပ်တစ်သိန်းမှ ငါးသိန်းအထိကို အသင်းပေါင်း၁၂၇သင်းမှ အသင်းသား ၂၂၆၆ ဦးအားချေးငွေပေါင်းကျပ်သိန်း ၄၀၉၇ကိုလည်းကောင်း ထုတ်ချေးပေးခဲ့ရာ ယနေ့အထိ ချေးငွေ ကျပ်သိန်းပေါင်း ၁၈၀၉၇ ကျော်ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။။ **နန်းမြင့်(ဝက်လက်)**

# ရထားစီးခရီးသွားများ စာပေဖတ်ရှုနိုင်ရန်ဆောင်ရွက်ပေး



**ဆိပ်ဖြူ ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မြန်မာ့မီးရထားတိုင်း အမှတ်(၁၀) ဆိပ်ဖြူဘူတာတွင် ခရီးသွားပြည်သူများ ရထားဖြင့်ခရီးမထွက်ခွာမီ အချိန်တွင် စာပေဗဟုသုတများလေ့လာဖတ်ရှုနိုင်ရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆိပ်ဖြူဘူတာမှ မြန်မာ့မီးရထားဝန်ထမ်းများ၊ စာပေချစ်မြတ်နိုးသူ စေတနာရှင် အလှူရှင်များက ဇူလိုင် ၁၇ ရက်မှစတင်ပြီး ဆိပ်ဖြူ-ပခုက္ကူ RBE လူစီးရထားပေါ်တွင် စာပေဖတ်ရှုနိုင်ရန် ဆိပ်ဖြူရုံပိုင်ကြီးနှင့် ပို့ဆောင်ရေး၊ စက်မှုဝန်ထမ်းများက စာပေဖတ်ရှုလေ့လာလိုသူ ရထားစီးခရီးသည်များအား ဝန်ဆောင်မှု ထပ်မံတိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးမှ စာအုပ်များကို ၁၅ ရက်လျှင်တစ်ကြိမ်စာအုပ်များအားအငှားစာရင်းဖွင့်၍ စာအုပ်၊စာစောင်များကို လဲလှယ်ပြီး စာပေဖတ်ရှုနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူ-ပခုက္ကူ RBE လူစီးရထားပေါ်တွင် မြန်မာ့မီးရထားဝန်ထမ်းများက ခရီးသွားပြည်သူအများ လိုရာခရီးဘူတာရောက်ရှိသည်ထိ စာပေဗဟုသုတ ဖတ်ရှုနိုင်ရန် ဆောင်ရွက်ပေးခြင်း ၊သောက်ရေသန့်ဘူးကြီးများ ထားရှိပေးခြင်း၊ သန့်ရှင်းစွာ ရထားစီးနင်းနိုင်ရန် ပလတ်စတစ်အိတ် ချိတ်ဆွဲပေးထားခဲ့သည်။

ခရီးသွားပြည်သူတစ်ဦးက မြန်မာ့မီးရထားဝန်ထမ်းများ ယခုလိုဆောင်ရွက်ပေးမှုများအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း၊ လိုရာခရီးရောက်သည်အထိ စာပေများ ဖတ်ရှုလေ့လာနိုင်မှုအပေါ် ပူးပေါင်းဆောင်ရွက်ပေးသည့်သူများကို အထူးကျေးဇူးတင်ပါကြောင်း ပြောပြခဲ့သည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

ဖတ်စရာ

# ကျောက်ဆည်ဒေသမှ ကန်တော့ပွဲထိုးမှုအများဆုံးသော ဘုရားတစ်ဆူ



ကျောက်ဆည်ဒေသတွင် နေ့စဉ် ဘုရားဖူးများစွာလာရောက်ဖူးမြော်ပြီး ကန်တော့ပွဲထိုးမှုအများဆုံးသော ထင်ရှားသည့်ဘုရားတစ်ဆူရှိသည်။ ထိုဘုရားမှာ ရွှေသိမ်တော်ဘုရားပင်ဖြစ်သည်။ ရွှေသိမ်တော်ဘုရားဘေးတွင် ရွှေတောင်ထီးစေတီတည်ရှိပြီး လက်ရှိကာလတွင် ရွှေသိမ်တော်ဘုရားဝန်းကျင်တွင် ဓမ္မာရုံများ၊ ကားရပ်နားသည့်နေရာများဖြင့် စနစ်တကျပြုလုပ်ထားသည်။ ဘုရားရှေ့တွင် ထေရဝါဒဗုဒ္ဓသာသနာကိုပြန့်ပွားအောင်စွမ်းဆောင်ခဲ့သည့် အနော်ရထားဘုရင်မင်းမြတ် ပိဋကတ်သုံးပုံကိုင်ထားဟန်ရုပ်တုကိုလည်း ထားရှိသည်။

ဒေသအသီးသီးမှ ဘုရားဖူးများစွာလာရောက်ဖူးမြော်သောဘုရားဖြစ်ပြီး ဘုရားဖူးများမှာ ကန်တော့ပွဲထိုးကာ အဓိဋ္ဌာန်ပြုလေ့ရှိသည်။ အများစုမှာ အဓိဋ္ဌာန်အောင်သည့်အတွက် လာရောက်ဖူးမြော်သူများ တစ်နေ့ထက်တစ်နေ့ များပြားလျက်ရှိသည်။ ဘုရားဖူးများသည် လူမှုရေး၊ စီးပွားရေးမှအစ ကဏ္ဍများစွာကို အဓိဋ္ဌာန်ပြုဆုတောင်းခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းများ ပြုလုပ်ကြသည်။

အများစုမှာ ကန်တော့ပွဲတစ်ပွဲဝယ်ကာ အဓိဋ္ဌာန်ပြုကြရသည်။ ကန်တော့ပွဲကို ကန်တော့ပွဲသီးသန့်ရောင်းချသည့်ဆိုင်များမှ ဝယ်ယူရသည်။ ကန်တော့ပွဲဆိုင်များမှာ ကန်တော့ပွဲကို ဘုရားရှေ့အရောက်သယ်ယူပို့ဆောင်မှုဖြင့် ဝန်ဆောင်မှုပေးကြသည်။ ငှက်ပျောသုံးဖီး အုန်းသီး ပန်းအစုံပါ ကန်တော့ပွဲတစ်ပွဲလျှင် သုံးထောင်ကျပ်နှင့် ငှက်ပျောငါးဖီးပါ ကန်တော့ပွဲတစ်ပွဲလျှင် ငွေကျပ်ငါးထောင်ပေးကြရသည်။ ဆုတောင်းမှုပြုရေးအတွက် ရှေ့မှ ဆုတောင်းတိုင်ပေးသည့် အဘိုးများလည်းရှိသည်။ ကန်တော့ပွဲထိုးပြီးသည်နှင့် ဆုတောင်းအဓိဋ္ဌာန်လိုသည့်အကြောင်းအရာကို ပြောကာ ဆုတောင်းအဓိဋ္ဌာန်ပြုကြရသည်။

အရောင်းအဝယ်သမားများ၊ ကျောက်တွင်းပိုင်းရှင်များမှအစ အခြားစီးပွားရေးပေါင်းစုံအတွက် အဓိဋ္ဌာန်ပြုကြသည်။ လူမှုရေးပိုင်းများတွင် အရက်မသောက်ရေးအတွက် အဓိဋ္ဌာန်ပြုခြင်းမှအစ အခြားသောလူမှုရေးကိစ္စများကို သစ္စာပြုအဓိဋ္ဌာန်ဝင်ကြသည်။ ဖောက်ဖျက်ပါက အန္တရာယ်ဖြစ်သည်ဟုလည်း ဆိုကြသည်။ အများစုမှာအဓိဋ္ဌာန်အောင်သည့်အတွက် နေ့စဉ် ကန်တော့ပွဲထိုးသူ အဓိဋ္ဌာန်ဝင်သူများ ပိုမိုများပြားလျက်ရှိသည်။

ကန်တော့ပွဲထိုးပြီး လှူဒါန်းခဲ့သည့်အတွက် နေ့စဉ်ဘုရားရှေ့တွင်များပြားလျက်ရှိသည်။ ကန်တော့ပွဲများကို ဘိုးဘွားရိပ်သာများနှင့် အခြားနေရာများစွာကို ပေးအပ်လှူဒါန်းမှုပြုကြောင်း သိရသည်။ ယခုအခါ ကျောက်ဆည်ဒေသတွင် ရွှေသိမ်တော်ဘုရားမှာ ကန်တော့ပွဲထိုးမှုအများဆုံးနှင့် ဘုရားဖူးများနေ့စဉ်လာရောက်မှုများသော အဓိဋ္ဌာန်အောင်ဘုရားတစ်ဆူ အဖြစ် ထင်ရှားလျက်ရှိသည်။ **တိမ်တမန်**

## ဝန်ထမ်းများအားသက်သာကုန်ခြောက်ပစ္စည်းထောက်ပံ့

**မိုးနဲ ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ဌာနဝန်ထမ်းများ သင့်လျော်သော စရိတ်သက်သာမှုရှိစေရန် ရည်ရွယ်၍ ဝန်ထမ်းသက်သာထောက်ပံ့မှုအား လစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ကျပ် ၄၇၀၀၀၀ တန်ဖိုးရှိ နောင်ရှည်ဆန်၊ မြေပဲဆီ၊ ကြက်သွန်၊ အာလူး၊ ခရမ်းချဉ်သီး၊ ပဲနီလေး၊ နို့ဆီ၊ သကြား၊ ဆား၊ ကြက်ဥ၊ ငါးသေတ္တာနှင့် ဂျုံကြာဆန်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူရတို့က ဝန်ထမ်း ၄၇ ဦးအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## နို့နှင့်နို့ထွက်ပစ္စည်းဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရန် သင်တန်းဖွင့်

**မုံရွာ ဇူလိုင် ၂၄**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အသေးစားနို့စားနွားမွေးမြူထုတ်လုပ်မှုတိုးတက်စေရန်၊ နို့နှင့် နို့ထွက်ပစ္စည်းဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ဒေသဆိုင်ရာစီမံကိန်းအရ မုံရွာမြို့နယ် နို့စားနွားမွေးမြူရေးဇုန် ရှင်းလင်းဆောင်တွင် သင်တန်းဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းအား မုံရွာခရိုင်ဦးစီးမှူး ဒေါက်တာမျိုးချစ်၊ ဒေသဆိုင်ရာရောဂါရှာဖွေရေးဓာတ်ခွဲခန်းတာဝန်ခံ ဒေါက်တာချစ်ချစ်ဝင်း၊ မုံရွာမြို့နယ်ဦးစီးမှူး ဒေါက်တာအိအိအောင်တို့က သင်တန်းပို့ချပေးပြီး မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်များမှ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**


**သစ်ပင်စိုက်၍ ထာဝရကုသိုလ်ယူပါ**

- သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများ
- ပုဂံဒေသ ချစ်မြတ်နိုးသူများ

ဘုရားဖူးသော်လည်းကောင်း၊လုပ်ငန်းကိစ္စဖြင့်သော်လည်းကောင်း ပုဂံဒေသသို့ ရောက်ရှိပါက သစ်ပင်စိုက် ကုသိုလ်ယူလိုသူ မည်သူမဆို အခမဲ့ဝန်ဆောင်မှုပေးပါမည်။

Royal Tree Services Co., Ltd.

ဆက်သွယ်ရန် ၀၉၄၅၀၀၄၆၄၄၀, ၀၉၄၀၀၄၃၃၃၄၄, ၀၉၄၀၂၇၅၈၀၅၆

**စာရင်းကိုင်ရာထူး**

B.Com (or) ဘွဲ့တစ်ခုခုနှင့် LCCI Level 3၊ စာရင်းကိုင်နှင့် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၅နှစ်၊ လချုပ်၊ နှစ်ချုပ်စာရင်း ရေးဆွဲပေးနိုင်ရမည်။ မုဒုံတွင် နေထိုင် ရုံးတက်ရမည်။ ဒေသခံများ ဦးစားပေးမည်။

ဖုန်း-၀၉-၅၀၆၇၇၀၀
၀၉-၇၉၃၃၉၂၀၃၄
၀၉-၂၅၀၀၀၀၁၅၉




**အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး**
**(၄၈)ကြိမ်မြောက် အဘိဓမ္မာစာတော်ပြန်ပွဲ**

ရန်ကုန်မြို့**အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး**၏(၄၈)ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်း စာတော်ပြန်ပွဲကို (၉.၉.၂၀၁၅)ဗုဒ္ဓဟူးနေ့ နံနက်(၈:၀၀)နာရီတွင် အခမ်းအနားဖြင့်စတင်ဖွင့်လှစ်ပြီး(၂၀.၉.၂၀၁၅) တနင်္ဂနွေနေ့အထိ (၁၂)ရက်တိုင်တိုင် နေ့စဉ် နံနက်(၈:၀၀)မှ ညနေ(၄:၀၀)အထိ၊ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ **ဗဟန်းမြို့နယ်၊ အာဇာနည်ဗိမာန်လမ်း၊ ရွှေတိဂုံဘုရား (အရှေ့ဘက်မုခ်အနီး)၊ စက်မှုဓမ္မာရုံ**သို့ကြွရောက် ချီးမြှင့်တော်မူပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

နှစ်စဉ်စာတော်ပြန်ပွဲအတွက် ထာဝရပဒေသာပင်၊ ဆွမ်း၊ အချိုရည်၊ စာအောင်, ဘွဲ့ရဆုများအတွက် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့** ၀၁-၃၇၈၄၅၇၊ ၀၁-၃၇၁၄၈၈

**အမည်ပြောင်းလဲခြင်း** ဦးကျော်သက်ဝေ[၁၃/လရန(နိုင်)၀၉၃၄၁၈]နှင့် မရင်လီ[၁၃/လရန(နိုင်)၁၀၀၄၆၇]တို့၏သမီး မယုဝေနှင်းအား မဟန်နီလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မဟန်နီလင်း

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၂/င. ၁)၊ (၂/စ. ၁)(၂/စ. ၂)မြေကွက်တည်နေရာအမှတ် (၁၈)၊ ဓမ္မာရုံလမ်း၊ (၁၀)ရပ်ကွက် (ဒေါ်ခင်သန်း ကြည်)အမည်ပေါက် မြေပိုင်မြေ လ/န၃၉ မြေကွက်၊(၃)ကွက်အား ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် (၉၆၃/ ၉-၁၀-၁၂)၊ တရားမဇာရီမှုအမှတ် ၁၇၁/ ၃၁-၇-၁၃နှင့် (၁၉-၉-၁၃)ရက်စွဲပါ ကော်မရှင်ခန့်စာတို့ကို တင်ပြ၍ တရား လွှတ်တော်ရှေ့နေ ဦးမျိုးအောင်[၁၂/ ကမတ(နိုင်)၀၂၆၂၃၂]မှ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ရန်ပြေ)၊ မြေကွက်အမှတ်(၁၄၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၄၀)၊ ရန်အောင်တိုးချဲ့(၂)လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ [ဦးမြင့်စိုး၊ ၁၂/သကတ(နိုင်)၀၄၁၄၃၈]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဦးလှိုင်အေးတိုးမှ ၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃ဖြင့် ဦးမြင့်စိုးအား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၅ခုနှစ်၊ တရားမဇာရီမှုအမှတ် ၃၀ အမိန့်တို့ တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်အေးအေးမြင့်[၁၂/သကတ(နိုင်)၀၀၅၄၆၀]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**Prime livingmall**

**အထူးကျေးဇူးတင်ရှိခြင်း**

(၁၉.၇.၂၀၁၅) ရက်၊ တနင်္ဂနွေနေ့တွင် ကျင်းပပြုလုပ်ခဲ့သော Prime Livingmall ၏ Grand Opening Ceremony သို့ ကြွရောက်ချီးမြှင့်အားပေးခဲ့သော ဂုဏ်သရေရှိ လူကြီးမင်းများ၊ အထူးဧည့်သည်တော်များ၊ အခမ်းအနားပြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သူများ အားလုံးကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါသည်။

ဆက်လက်၍လည်း အဆင့်မြင့် Furniture များကို အမှတ် (၅၄၊ ခ) ၊ကမ္ဘာအေးဘုရားလမ်း၊ နဝဒေးလမ်းဆုံအနီး၊ မရမ်းကုန်း၊ Prime Livingmall ( Phone No: 09 785 800 800) တွင်ဝယ်ယူအားပေးနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

info@primelivingmall.com

## အတ္ထုပ္ပတ္တိ

*၁၉၃၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း ဆရာရေးသားခဲ့သော ဆောင်းပါးအများစုအနက် ဗိုလ်တထောင်သတင်းစာပါ 'ပွင့်ပွင့်လင်းလင်းပြောပါရစေ' ကဏ္ဍမှ ဆောင်းပါးများနှင့် မြန်မာ့အလင်း၊ အိုးဝေ၊ သွေးသောက်၊ ရှုမဝ စသည့် သတင်းစာ၊ မဂ္ဂဇင်းများမှ ဆောင်းပါးများအား အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ဆရာသိန်းဖေမြင့်၏ အလွှာစုံ နယ်ပယ်စုံမှ လူပုဂ္ဂိုလ်အကြောင်းပြု အနုပညာမြောက်ရေးဖွဲ့မှုနှင့် 'မူ' အပေါ်အလေးအနက်ထားရေးသားထားမှုတို့ကို တည်းဖြတ်ခြင်းမပြုဘဲ မူရင်းအတိုင်း ဖတ်ရှုရခြင်းဖြင့် လူပုဂ္ဂိုလ်အတ္ထုပ္ပတ္တိစာပေ၏ သရုပ်သကန်ကိုသိရှိလိမ့်မည်ဟု ယုံကြည်ပါသည်။*

**à သိန်းဖေမြင့်**

# ဖိုးကျော်မြင့်



မည်သူကမျှ မည်သည့်အကြောင်းကြောင့်မဆို သေခြင်းဆိုနှင့် သေပါစေဟု ကျိန်ဆဲရန်မထိုက်သောပုဂ္ဂိုလ်မှာ ဖိုးကျော်မြင့်ဖြစ်ပါသည်။ သူသည် ချိုပြုံးသောနှလုံးရှိ၍ သူ့မျက်နှာသည် အမြဲတမ်းလိုလို အပြုံးပန်းဆင်ထားသည်။ သူသည် မည်သူ့ကိုမျှ ရန်ငြိုးမထားခဲ့။ မည်သူ့ကိုမျှလည်း မနစ်နာစေခဲ့ချေ။ ထို့ကြောင့် သူ့ကို မည်သူကမျှ မည်သို့သော အကြောင်းနှင့်ဖြစ်စေ သေခြင်းဆိုးနှင့် သေပါစေဟု ကျိန်ဆဲခြင်းငှာ မထိုက်ဟု ကျွန်တော်ယူဆခြင်းဖြစ်ပါ၏။

သို့သော် သူသည် သေခြင်းဆိုးနှင့် သေခဲ့ရရှာလေပြီ။ မိုက်မဲသော ကားမောင်းသမား မောင်းနှင်လာသည့် ဘတ်စ်ကားတစ်စီးသည် သူ့ကိုသေအောင် ဝင်တိုက်ခဲ့လေပြီ။

အရွယ်ကောင်းတုန်း(၃၉)နှစ် ဖိုးကျော်မြင့်ကွယ်လွန်ရရှာ၏။ ပညာနှင့်စာရိတ္တရင့်ကျက်လာပြီး အစွမ်းအရည်ရှိသမျှကို ကောင်းစွာအသုံး ချရတော့မည့်အချိန်တွင် ဖိုးကျော်မြင့် ဆုံးရရှာ၏။

ဖိုးကျော်မြင့်သည် ထူးခြားသော အရည်အချင်းများ၏ ရှားပါးသော အပေါင်းလက္ခဏာဖြစ်သည်။ သူ့တွင် စာတော်မှုနှင့် နိုင်ငံရေးအယူ အမြင်ခိုင်မာမှုပေါင်းနေသည်။ သူ့တွင် အရွယ်နုပျိုမှုနှင့် သဘောထား ရင့်ကျက်မှုပေါင်း နေသည်။ သူ့တွင် ရှေးဟောင်းမြန်မာစာပေကျွမ်းကျင်မှုနှင့် မျက်မှောက်ခေတ် မြန်မာစာပေ နှံ့စပ်မှုပေါင်းနေသည်။

ကျွန်တော်သည် တက္ကသိုလ်များ မြန်မာစာသင်ကြားရေးအဖွဲ့မှာ ပါဝင်ဆောင်ရွက်ရသဖြင့် ဖိုးကျော်မြင့်ကို အနီးကပ်လေ့လာခွင့်ရခဲ့ သည်။ စာဆိုတော်နေ့ဟောပြောပွဲများအတွက် ခရီးအတူထွက်ရင်း ဖိုးကျော်မြင့်နှင့် ရင်းနှီးသော မိတ်ဆွေဖြစ်ခွင့်ရခဲ့သည်။

သူသည် ငယ်ငယ်ရွယ်ရွယ်၌ မြန်မာစာနှင့် မြန်မာမှုတို့တွင် ပညာရှိတစ်ဦးဖြစ်ခဲ့ကြောင်းကို သူရေးသားခဲ့သော စာအုပ်များ၊ သူ၏စာပေပို့ချချက်များ၊ သူထမ်းရွက်ခဲ့ရသော မြန်မာစာပေဆိုင်ရာ ရာထူးများက သက်သေထူနေပါသည်။ ကျွန်တော်က အထူးတလည် သက်သေပြနေဖို့ မလိုပါ။

သို့သော် သူသည် များစွာသောပညာရှိများကဲ့သို့ စာမှစာ၊ စာမှတစ်ပါး အခြားဘာမျှမလုပ်ဟူသော ပညာရှိမျိုး မဟုတ်။ ပထမအဆင့်တွင် စာပေရေးရာနှင့် ပတ်သက်ပြီး အသင်းအပင်းများ၏တာဝန်ကို ထမ်းဆောင်ခဲ့သည်။ စာပေ ရေးရာနှင့်ပတ်သက်ပြီး အများအကျိုးဆောင်သည်။ ထိုသို့ အများအကျိုးကိုဆောင်နေစဉ် အမျိုးသားရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေး ပြည်သူ့အုံကြွမှုကြီးကို မျက်မှောက်ပြုမိသည်။ လမ်းစဉ်ပါတီ၏ စည်းရုံးလှုပ်ရှားမှုတွင် ပါဝင်လာခဲ့သည်။

ကွယ်လွန်ချိန်တွင် ကမာရွတ်မြို့နယ် ပါတီယူနစ်အမှုဆောင်ကော်မတီ အရန်လူကြီးအဖြစ်ဖြင့် ဆောင်ရွက်နေခဲ့သည်။ အကယ်၍သာ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် မြန်မာစာဌာန၏ အရေးကြီးသော တာဝန်ကို သူထမ်းရွက်မနေရလျှင် ကမာရွတ် ပါတီယူနစ်ကော်မတီတွင် တာဝန်အပြည့်ထမ်းရွက်ရမည်ဖြစ်လေသည်။ တကယ်တော့ မြန်မာစာ ၏ အရေးသည်လည်း ပါတီ၏ အရေးမဟုတ်ပါလား။

ကျွန်တော်သည် သူ၏မြန်မာစာအတွက် ဆောင်ရွက်ချက်များနှင့် ပါတီအတွက်ဆောင်ရွက်ချက်များကို လေ့လာကြည့်သည်။ ထို့နောက် သူ့တွင် စာတော်မှုနှင့် နိုင်ငံရေးအယူအမြင်ခိုင်မာမှု ပေါင်းနေသည်ဟု ကောက်ချက်ချခဲ့ပါသည်။ ရှားပါးလှသော အပေါင်းလက္ခဏာတစ်ရပ်ပင်။

သူသည် ငယ်ရွယ်သည်။ နုပျိုသည်။ ဖျတ်ဖျတ်လတ်လတ်ရှိသည်။ အမြဲတမ်း တက်တက်ကြွကြွ အလုပ်လုပ်လျက်နေသည်။

များသောအားဖြင့် ငယ်ရွယ်နုပျိုသူတို့သည်သူများမျက်စိစူးစရာဖြစ်အောင် တောက်ပြောင်တတ်သည်။ တုံးတိုက်တိုက် ကမ်းတိုက်တိုက်လုပ်တတ်သောအလေ့ရှိတတ်သည်။ မိမိနှင့် သဘောချင်းမတိုက်ဆိုင်သူကို အကြောင်းအကျိုး ခိုင်ခိုင် မခိုင်ခိုင် ထိုးနှက်ဝေဖန်ချင်တတ်သည်။ ဖိုးကျော်မြင့်ကား ထိုသို့မဟုတ်။ ကျွန်တော်သည် သူနှင့်အငြင်းပွား စရာ မြန်မာစာပြဿနာအချို့ကို ဆွေးနွေးဖူးသည်။ ဥပမာ- သတ်ပုံကိစ္စ၊ သဒ္ဒါကိစ္စ၊ ကာရန်မဲ့ကဗျာကိစ္စ၊ သူနှင့် ကျွန်တော်သည် မြန်မာစာပေလောကတွင် ဂိုဏ်းကွဲနေသော ပညာရှိများအကြောင်း၊ စာရေးဆရာများအကြောင်း၊ ကျွန်တော်တို့၏ ဆရာများ၊ စင်ပြိုင်များနှင့် တပည့်များအကြောင်း ဆွေးနွေးဖူးသည်။ သူ၏ဆွေးနွေးချက်များကြောင့် ကျွန်တော် အံ့ဩရသည်။ သူသည် ပုဂ္ဂိုလ်စွဲမပါ။ အာဃာတမထားဘဲ သူ့ထင်မြင်ချက်များကိုပေးသည်။ မြန်မာစာပေလောကညီညွတ်ရေးတို့ကို ဦးတည်ကာ သုံးသပ်ဝေဖန်သည်။ သူ့သုံးသပ်ချက်၊ သူ့ထင်မြင်ချက်နှင့် သူ့ဝေဖန်ချက်များအတွက် ခိုင်လုံသော ဓမ္မဓိဋ္ဌာန်ကျသော အထောက်အထားများကို အမြဲတင်ပြသည်။ ထို့ပြင် ဝေဖန်ချက်ပေးရာ၌ ကာလ၊ ဒေသ၊ အခြေအနေအရပ်ရပ်ကို ကြည့်ပြီးမှ အခွင့်သင့်မှ ပေးသည်။ သူသည် လူငယ်ပင်ဖြစ်သော်လည်း သူ့ထင်မြင်ချက်ကို မျိုသိပ်ထားနိုင်သူဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က ဖိုးကျော်မြင့်တွင် အရွယ်နုပျိုမှုနှင့် သဘောထားရင့်ကျက်မှု ပေါင်းနေသည်ဟု ဆိုခဲ့ခြင်းဖြစ်ပါ၏။

သူရေးသားသော စာအုပ်များနှင့် ဆောင်းပါးများ၊ အချို့သော သင်တန်းများတွင် သူ၏ပို့ချချက်များကို လေ့လာကြည့်လျှင်များသောအားဖြင့် ရှေးဟောင်းမြန်မာစာပေ၊ ရှေးဟောင်း အမွေအနှစ်ဖြစ်သော မြန်မာမှုတို့နှင့် ပတ်သက်ကြောင်း တွေ့ရမည်။ သူသည် ထိုနယ်ပယ်များတွင် မည်မျှကျွမ်းကျင်ကြောင်း သိနိုင်သည်။ သို့သော် ရန်ကုန်ဝိဇ္ဇာသိပ္ပံ မြန်မာစာဌာန အတန်းကြီးများ၌ သူပို့ချသောဘာသာရပ်မှာ မျက်မှောက်ခေတ်မြန်မာစာပေဖြစ်သည်။ မျက်မှောက်ခေတ်စာရေးဆရာ၊ ကဗျာဆရာတို့၏ စာပေများကို ဝေဖန်ရေးဖြစ်သည်။ သူသည် မျက်မှောက်ခေတ် မြန်မာစာပေ၌ နှံ့စပ်လှပေသည်။ စာပေရေးရာများ၌ သူ၏လူတန်းစားရပ်တည်ချက်နှင့် နိုင်ငံရေးအယူအမြင်တို့သည် ပြတ်သားမှန်ကန်သည်။ သူသည် ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးနှင့် အံဝင်ခွင်ကျလှသော မြန်မာစာပေပညာရှင်တစ်ဦး ဖြစ်နေပေသည်။

သူသည် ချိုပြုံးသောနှလုံးသားနှင့် အပြုံးပန်းဆင်ထားသော မျက်နှာပိုင်ရှင်ဖြစ်ပြီး မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာစာပေလောကညီညွတ်ရေးကို ဦးတည်ဆောင်ရွက်နေခဲ့လေသောကြောင့် ကျောင်းဆရာအများစုနှင့် ကျောင်းသား အများစု၏ ချစ်ခင်လေးစားမှုကို ခံယူရသည်။ တတ်နိုင်သမျှ အမျိုးသားရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေးတို့အတွက် အမှုထမ်းရွက်နေခြင်းကြောင့် သူသည် တော်လှန်ရေးအင်အားစု၏ ယုံကြည်လေးစားခြင်းခံရသော ရဲဘော်တစ်ဦးဖြစ်သည်။ သူသည် စာရိတ္တကောင်းမွန်သော၊ အများကိုချစ်ခင်တတ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ မိတ်ဆွေတွေပေါလှသည်။

ဖိုးကျော်မြင့်သည် အရွယ်ကောင်းလှချိန်တွင် ကွယ်လွန်ရရှာ၏။ ပညာနှင့် စာရိတ္တရင့်ကျက်လာပြီး အစွမ်းအရည်ရှိသမျှကို ကောင်းစွာသုံးချရတော့မည့်အချိန်တွင် ဆုံးရရှာ၏။

သူသည် ဆရာဖိုးကျော်မြင့်ဟုလည်းကောင်း၊ ဦးဖိုးကျော်မြင့်ဟုလည်းကောင်း ဂုဏ်ပုဒ်တွေနှင့် အခေါ်မခံချင်။ ဖိုးကျော်မြင့်ဟုသာ အခေါ်ခံလိုခဲ့သည်။ ယခု လူအပေါင်းတို့သည် စုတ်တသပ်သပ်ဖြင့် ဖိုးကျော်မြင့်ဟု ခေါ်ဝေါ်တမ်းတကာ သူကွယ်လွန်သွားခြင်းကို နှမြောနေကြသည်။

ကျွန်တော်လည်း ဖိုးကျော်မြင့်ဟု ခေါ်ဝေါ်တမ်းတကာ သူသေခြင်းဆိုးနှင့် သေရခြင်းအတွက် ယူကျုံးမရဖြစ်ရပါသည်။ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာစာပေလောကညီညွတ်ရေးအတွက် လုပ်သားကောင်းတစ်ယောက်ဆုံးရှုံးရခြင်းကြောင့် နှမြော၍မဆုံး ဖြစ်နေရပါသတည်း။

(၁၉၇၃ ခုနှစ် ဇွန် ၉ ရက်ထုတ် ဗိုလ်တထောင်သတင်းစာမှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်း ဖြစ်ပါသည်။)

UMG Myanmar Co., Ltd.
No.592, Bo Aung Kyaw Street, Yangon~Pathein Highway Road, Hlaingtharyar Township, Yangon, Myanmar. Gmail-hr.umgmyanmar@gmail.com, www.umgroups.com.mm
Urgent Job Vacancy 09-254317751, 09-253195544, 09-252035928

1. Sales Manager (Automotive) (1 Post)
2. Sales Manager (Heavy Machinery) (1 Post)
3. Marketing Manager (Automotive) (1 Post)
4. Marketing Manager (Heavy Machinery) (1 Post)
5. Marketing Manager (Oil&Lubricant, Tyre) (1 Post)
6. Sales Manager (Oil, Lubricant, Tyre) (1 Post)
7. Sales Manager (Aircon) (1 Post)
8. Training Manager (2 Post)
9. HR Manager (Heavy Machinery) (1 Post)
10. HR Manager (FMCG) (1 Post)
11. Brand Consulting Manager (1 Post)
12. Techanical Training Manager (1 Post)
13. Marketing Supervisor/Staff (Courier Service) (2 Post)
14. Customer Service Supervisor (Courier Service)(2 Post)
15. Supervisor/Staff (Pick-up & Courier) (2 Post)
16. Admin Head (1 Post)
17. HR Executive (1 Post)
18. Sales Executive (Aircon) (1 Post)
19. Marketing Communication (1 Post)
20. Creative Designer (1 Post)
21. Social Media Specialization (1 Post)
22. Copy Writer (1 Post)
23. Sales Trainer (1 Post)
24. Logistics Trainer (1 Post)
25. Network Developer (1 Post)
26. Finance (2 Post)
27. Sales Executive ( 5 Posts)
28. Service Man (Aircon) (15 Post)
29. Sales Man (5 Posts)

Position အားလုံးအတွက် သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူများနှင့် ကျွမ်းကျင်သူများသာ ဖြစ်ရမည်၊
Ferry၊ (၄)လတစ်ကြိမ် Bonus၊ Year End Bonus ခံစားခွင့်ရှိသည်၊
စိတ်ဝင်စားသူများသည် လိုအပ်သော အထောက်အထားများနှင့်တကွ Gmail မှလည်းကောင်း၊
လူကိုယ်တိုင်လာရောက်၍လည်းကောင်း အမြန်ဆုံးလျှောက်ထားနိုင်ပါသည်၊

Office Hours : 8:00 AM to 5:00 PM
Satday- 8:00 AM to 12:15 AM
Holiday - Satday (Halfday), Sunday & Public Holidays

**၁၉၆၈-၁၉၇၂ ခုနှစ် စီးပွားရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများသို့ ဖိတ်ကြားလွှာ**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့ - ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂)ရက်
(၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ - ဒဂုံပရိယတ္တိစာသင်တိုက်၊ အိမ်တော်ရာဘုရားဝင်း၊ မြို့မကျောင်းလမ်း၊ ရန်ကုန်။
တရားတော်နာယူချိန် - နံနက် ၉း၀၀ နာရီ (ပင့်သံဃာ ငါးပါး)

၁။ စာချစာသင်သံဃာတော် (၅၆)ပါးအား ဆွမ်း၊ သင်္ကန်း၊ ဒါတပ္ပဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း ပြီး ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံပါမည်။
၂။ ထို့ပြင် ၂၀၁၅ခုနှစ်၊ သတ္တမအကြိမ်မြောက် မိတ်ဆုံညစာစားပွဲကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ "မြနန်းတော်ဟိုတယ်" တွင် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ(၁၀)ရက်နေ့၊ ညနေ (၅း၀၀)နာရီ အချိန်တွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးကြမည်ဖြစ်ပါသဖြင့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။
၃။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲမှာ သူငယ်ချင်းများ၏ သဒ္ဒါတရားဖြင့် စုပေါင်းလှူဒါန်းကြမည်ဖြစ်ပါသည်။ အလှူငွေထည့်ဝင်လိုသူများအနေနှင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။ သံဃာတော်များအား သီးသန့်လှူဒါန်းလိုပါကလည်း လှူဒါန်းနိုင်ပါသည်။

နီနီရှိန် ၀၁-၅၂၆၅၉၆
နုနုသန်း ၀၉-၅၁၆၅၆၂၂
ခင်မကြီး ၀၉-၇၃၀၂၂၄၀၉
ခင်စန်းငွေ ၀၉-၃၁၃၂၉၈၅၉
ကေသီမြင့် ၀၉-၃၃၂၁၅၇၃၁
လင်းညွန့်စိန် ၀၁-၅၁၂၀၄၆
မေကျော့ဦး၀၉-၄၉၂၂၀၈၉၄

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၅ဘီ၊ မြေကွက်အမှတ် ၂အေ/၁ဘီ ၃စီ၊ မြေကွက်တည်နေရာအမှတ် ၅၂၀၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ ဗဟန်းမြို့နယ်၊ ဒေါ်လှတင် အမည်ပေါက် နှစ်(၉၀) ဂရန်မြေအား ဒေါ်လှတင်နှင့် ခင်ပွန်း ဦးအဘန်(ခ)ဦးအီဗရာဟင်(J/RGN-018077)၊ ၎င်းတို့၏သမီးတစ်ဦး ဖြစ်သူ ဒေါ်တင်ရီတို့အသီးသီး ကွယ်လွန်သဖြင့် ဒေါ်လှတင်၏ ကျန်ရစ်သူသားသမီးများဖြစ်သော (၁)ဦးသိန်းလွင်[၁၂/တမန(နိုင်)၀၇၉၇၂၉]၊ (၂)ဦးသန်းလွင်[၁၂/ဗဟန(နိုင်)၀၈၂၅၄၁]၊ (၃)ဒေါ်ချို[၁၂/ဗဟန(နိုင်)၀၈၄၄၁၁]၊ (၄)ဒေါ်စန်းစန်းဝင်း[၁၂/ဗဟန(နိုင်)၁၀၅၀၄၁]၊ (၅)ဒေါ်အေးအေးသင်း[BHN-022844]၊ (၆)ဒေါ်ကြူကြူဝင်း(BHN-024590)တို့နှင့် ကွယ်လွန်သူ သမီး ဒေါ်တင်ရီ၏ခင်ပွန်းတော်စပ်သူ ဦးနူရူကာလန်(ခ)စောမောင်[၁၃/လရန(နိုင်)၀၉၀၂၈၇]တို့မှသား၊ သမီး၊ သမက်၊ မြေးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့နှင့်အတူ ဦးသိန်းလွင်၊ ဦးသန်းလွင်၊ ဒေါ်ချို မှတ်ပုံတင် GP(၂၃၁၉/၂၃-၁-၁၄)ဖြင့်လည်းကောင်း၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်အေးအေးသင်း၊ ဒေါ်ကြူကြူဝင်းတို့မှ မှတ်ပုံတင် GP(၂၃၂၀/ ၂၃-၁-၁၄)ဖြင့်လည်းကောင်း၊ ဦးနူရူကာလန်(ခ)စောမောင်နှင့် ဦးစောဝဏ္ဏတို့ထံမှ သားတော်စပ်သူ ဦးဝဏ္ဏ [၁၂/ဗဟန(နိုင်)၀၈၀၂၁၁]၊ မှတ်ပုံတင်GP ၃၁၀၁/၅-၃-၁၅ဖြင့်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာရသူ ဦးနေဝင်းအောင်[၁၄/ပသန(နိုင်)၀၀၀၉၆၀]မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကို့သန့်ဇင် CAR RENTAL**
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁

စာပေမြင့်မှ လူမျိုးတင့်မည်

**နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် အသိပေးကြေညာခြင်း**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၆လမ်း၊ ၇၆×၇၇လမ်းအတွင်း၊ ရွှေချည်ထိုးရပ်နေ၊ ကျွန်ုပ်၏အမှုသည် ဒေါ်မြမြ[၉/မရတ(နိုင်) ၀၅၈၁၅၅]"ရွှေမြင့်မိုရ် အထပ်သားရောင်းဝယ်ရေး" ၏ ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည် ဒေါ်မြမြနှင့် ဦးအောင်ကိုကို[၇/ရတရ(နိုင်)၀၀၆၉၆၈]တို့သည် လွန်ခဲ့သည့်(၆)နှစ်ခန့်က မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ရာ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်ကြတော့သဖြင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံးတွင် ၁၇-၇-၂၀၁၅ရက်က ဥပဒေနှင့်အညီ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲလက်မှတ်ရေးထိုးပြီး ဖြစ်ကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ တစ်စုံတစ်ရာပတ်သက်မှုမရှိတော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးကျော်မြင့်ဆန်း
B.A (Myan:), H.G.P, Dip, B.L
အထက်တန်းရှေ့နေ (စဉ်-၆၇၈၁/၈၁)
(စီးပွားရေးဥပဒေဒီပလိုမာ)
၃၀×၃၁လမ်းနှင့် ၇၁×၇၂လမ်းအတွင်း၊ ရန်မျိုးလုံရပ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၆၈၈၆၃၊ ၀၉-၂၀၅၂၈၅၃

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

